# စက်မှုအလင်း ဂျာနယ်

## Beacon of Industry

Vol.2, No.7 - April 30, 2017 | www.industry.gov.mm | စက်မှုဝန်ကြီးဌာနမှထုတ်ဝေသည်။


# စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံပိုင်စက်ရုံများကို ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေ



အဆင့်မြင့်မီးခံအုတ်စက်ရုံခွဲ (ကျောက်ဆည်) အား နှစ်ရှည်ငှားရမ်းခြင်းစာချုပ်ကို အပြန်အလှန်လဲလှယ်ကြစဉ်။

## အမှတ် (၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်) နှင့် အဆင့်မြင့်မီးခံအုတ်စက်ရုံခွဲ (ကျောက်ဆည်)တို့အား ပုဂ္ဂလိကသို့ နှစ်ရှည်ငှားရမ်း

အမှတ် (၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်) အား နှစ်ရှည်ငှားရမ်းရေး လက်မှတ်ရေးထိုးပွဲအခမ်းအနားကို မတ်လ ၃၁ ရက်နေ့၊ နံနက် ၁၁ နာရီက ရုံးအမှတ် (၃၀) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို တက်ရောက်အားပေးစကားပြောကြားသည် ။

စာ – ၄

# ၁၉၅၄ ခုနှစ်ကအခြေတည်ဆောက်ရွက်ခဲ့သည့် ဆေးဝါးစက်ရုံ (အင်းစိန်) ရှိ စက်များ၏ကြံ့ခိုင်မှု ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး

## ဆေးဝါးထုတ်လုပ်မှုနည်းစဉ်အချို့ကို တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် အကျိုးတူဆောင်ရွက်မည်

စာ – ၄



၁၉၅၄ ခုနှစ်က အခြေတည်ဆောက်ရွက်ခဲ့သည့် ဆေးဝါးစက်ရုံ (အင်းစိန်) ကို တွေ့မြင်ရစဉ်။

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# စက်မှုဝန်ကြီးဌာန

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တတိယလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စက်မှုဝန်ကြီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တတိယလေးလပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီလ ၆ ရက်နေ့ နံနက်က ရုံးအမှတ် (၃၀) ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီးဦးခင်မောင်ချို တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားဌာနတွင် နိုင်ငံပိုင်အဖြစ်ကျန်ရှိနေသော စက်ရုံအလုပ်ရုံများကိုလည်း ပုဂ္ဂလိကနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားမှုအဆိုပြုလွှာ (Expression of Interest-EoI) များ ဖိတ်ခေါ်ထားကြောင်း၊ မိမိတို့ဝန်ကြီးဌာနရှိ စက်ရုံအလုပ်ရုံများကို ပုဂ္ဂလိကနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းကြောင့် လုပ်ငန်းများကို လျင်လျင်မြန်မြန်နှင့် ထိထိရောက်ရောက်ရှေ့ရှုပြီး ပုဂ္ဂလိကနှင့်ပူးပေါင်းဆောင်ရွက်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စက်ရုံများအနေဖြင့်ပိုမိုကောင်းမွန်သည့် ထုတ်ကုန်များထုတ်လုပ်နိုင်ရေး တီထွင်ကြံဆလုပ်ဆောင်ရမည်ဖြစ်ပြီး ထုတ်ကုန်အရည်အသွေးတိုးတက်အောင်၊ ထုတ်လုပ်မှုတိုးတက်အောင်ဖန်တီးတီထွင်နိုင်သည့် ဝန်ထမ်းများကိုလည်း အားပေးချီးမြှင့်ရမည်ဖြစ်ကြောင်း၊ သမားရိုးကျတက်စေရေးအတွက် အမြဲမပြတ်လေ့လာသင်ယူနေရန်လိုကြောင်း၊ ဝန်ထမ်းအားလုံး နှစ်သစ်ကိုပျော်ပျော်ရွှင်ရွှင်ဖြင့်ကြိုဆိုပြီး ရည်မှန်းချက်တာဝန်များကိုအောင်မြင်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စက်မှုဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦး






ပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် အစိုးရသစ်၏ ပထမတစ်နှစ်တာကာလအတွင်း အမြန်ဆုံး စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကိုလုပ်ဆောင်ခဲ့ရာ ဝန်ထမ်းအားလုံး၏ ပူးပေါင်းကြိုးစားဆောင်ရွက်မှုကြောင့် အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရရှိခဲ့ကြောင်း၊ ယခုအခါ အရှုံးဖြစ်ပေါ်နေသည့်စက်ရုံအလုပ်ရုံများကို နိုင်ငံတော်မှ ပြန်လည်စိစစ်သုံးသပ်အဖြေရှာရန် စီစဉ်လျက်ရှိရာ စက်ရုံများသို့လာရောက်လေ့လာစစ်ဆေးသည့်အခါ ကြုံတွေ့နေရသော အခက်အခဲများကို ပွင့်ပွင့်လင်းလင်းတင်ပြရန်နှင့် လုပ်ငန်းအောင်မြင်ရေးအတွက် အကြံပြုချက်များကို တင်ပြပေးစေလိုကြောင်း၊ စက်ရုံများအနေဖြင့် အော်ဒါမှာယူထားသောပစ္စည်းနှင့်အမှာစာပေးပို့ထားသည့်ပစ္စည်းများကိုသာ ဆက်လက်ထုတ်လုပ်ကြရာ၌ မိမိထုတ်ကုန်များကိုဈေးကွက်အတွင်း ထိုးဖောက်ရောင်းချနိုင်မှသာ ဆက်လက်လည်ပတ်နိုင်မည်ဖြစ်၍ ဈေးကွက်သုတေသနလုပ်ငန်းများကို အမြဲတစေဆောင်ရွက်ပြီး ဈေးကွက်လိုအပ်ချက်အတိုင်းထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ထားရန်လိုကြောင်း၊ ဈေးကွက်သုတေသနပြုလုပ်ရာမှ ရရှိသောအချက်အလက်များကိုလည်း မှန်မှန်ကန်ကန် အသုံးချရမည်ဖြစ်ကြောင်း၊ **နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံပိုင်စက်ရုံအလုပ်ရုံများကို ပုဂ္ဂလိကသို့လွှဲပြောင်းခြင်း၊ ပုဂ္ဂလိကနှင့်အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဖက်စပ်ဆောင်ရွက်ခြင်းတို့ကိုဆောင်ရွက်လျက်ရှိရာ** မိမိတို့ဝန်ကြီးဆောင်ရွက်နိုင်သည်ကိုတွေ့ရှိရပြီး တာဝန်ရှိသူများက အကျိုးတူပူးပေါင်းဆောင်ရွက်မည့်အဖွဲ့အစည်းများကို မှန်မှန်ကန်ကန်ရွေးချယ်ရန်နှင့် အဂတိတရားကင်းရှင်းရန်လိုကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက်လည်း တာဝန်ယူဆောင်ရွက်လျက်ရှိရာ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခေတ်နှင့်လိုက်လျောညီထွေရှိမည့် မူဝါဒများချမှတ်ရန်လိုအပ်ပြီး၊ ချမှတ်သည့်မူဝါဒများကိုလည်း ရည်မှန်းချက်ပြည့်မီသည်အထိ လက်တွေ့လိုက်နာအကောင်အထည်ဖော်နိုင်ရမည်ဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် ပြီးခဲ့သည့်နှစ်အတွင်းဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ပြီးနောက် ယခုဘဏ္ဍာနှစ်၌ ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် အရှုံးပေါ်နေသည့်စီးပွားရေးလုပ်ငန်းများကို ရေရှည်အကျိုးအမြတ်ရရှိစေရေးအတွက် ဘက်ပေါင်းစုံမှစဉ်းစားသုံးသပ်၍ အများပြည်သူအကျိုးကိုဆောင်ရွက်နေ၍မရဘဲ တီထွင်ဆန်းသစ်မှုများဖြင့် ထုတ်ကုန်ပစ္စည်း အရည်အသွေးနှင့်စွမ်းဆောင်ရည်တိုးတက်အောင် အစဉ်အမြဲကြိုးစားဆောင်ရွက်နေရမည်ဖြစ်ရာ တွေ့ကြုံရသည့်အခက်အခဲနှင့်စိန်ခေါ်မှုများကို မဆုတ်မနစ်သောလုံ့လဖြင့် အောင်မြင်သည်အထိ ကြိုးစားဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အဂတိတရားကင်းရှင်းစွာဖြင့် ရိုးရိုးသားသားဆောင်ရွက်ကြရန်နှင့် ငွေကြေးသုံးစွဲရာတွင်လည်း ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ ဝန်ထမ်းများ စိတ်ပျော်ရွှင်မှသာ လုပ်ငန်းများအောင်မြင်မည်ဖြစ်၍ တာဝန်ရှိသူများက မိသားစုကဲ့သို့သဘောထားဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းများအနေဖြင့်လည်း လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းကြိုးစားအားထုတ်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးကိုလည်း သတိပြုအလေးထားဆောင်ရွက်ပြီး မိမိတို့၏ဘဝများဖွံ့ဖြိုးတိုးစီးဌာနက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်နေမှုများ၊ အာဆီယံအသိုက်အဝန်း အကောင်အထည်ဖော်ရေးအစီအစဉ်အရ စက်မှုထုတ်ကုန်ပစ္စည်းများ စံချိန်စံညွှန်းသတ်မှတ်နိုင်ရေးဆောင်ရွက်နေမှုများကိုလည်းကောင်း၊ စက်မှုသင်တန်းကျောင်းများက ကျွမ်းကျင်လုပ်သားများအားလက်တွေ့လုပ်ငန်းခွင်တွင် အမှန်တကယ်အသုံးဝင်သော လုပ်သားကောင်းများအဖြစ်မွေးထုတ်ပေးလျက်ရှိသည့်အခြေအနေနှင့် တိုးချဲ့ဖွင့်လှစ်မည့် သင်တန်းဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ စက်ရုံမှူးများက ၂၀၁၆-၂၀၁၇ ခုဘဏ္ဍာနှစ်တွင် လုပ်ငန်းလည်ပတ်ဆောင်ရွက်ခဲ့သည့်အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကိုလည်းကောင်း၊ ဦးဆောင်ညွှန်ကြားရေးမှူးများက လုပ်ငန်းတစ်ခုချင်းစီအလိုက် စီးပွားရေးအရ အရှုံး/ အမြတ်အခြေအနေ၊ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့်အခြေအနေအရပ်ရပ်တို့ကို သုံးသပ်တင်ပြဆွေးနွေးခဲ့ကြသည်။ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ စက်ရုံမှူးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးမှူးများ၊ စက်မှုသင်တန်းကျောင်းများမှကျောင်းအုပ်ကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီလ ၇ ရက်နေ့အထိ ၂ ရက်ကြာ ကျင်းပပြုလုပ်ခဲ့ကြောင်းသတင်းရရှိသည်။ ❑

" သမားရိုးကျဆောင်ရွက်နေ၍မရဘဲ တီထွင်ဆန်းသစ်မှုများဖြင့် ထုတ်ကုန်ပစ္စည်းအရည်အသွေးနှင့်စွမ်းဆောင်ရည်တိုးတက်အောင် အစဉ်အမြဲကြိုးစားဆောင်ရွက်နေရမည်ဖြစ်ရာ တွေ့ကြုံရသည့်အခက်အခဲနှင့်စိန်ခေါ်မှုများကို မဆုတ်မနစ်သောလုံ့လဖြင့် အောင်မြင်သည်အထိ ကြိုးစားဆောင်ရွက်ရန်လို "

# နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြည်ညို


ရုံးအမှတ် (၃၀) ၌ အန္တရာယ်ကင်းပရိတ်တရားတော်များနာယူကြစဉ်။

မြန်မာနှစ်ဆန်းတစ်ရက်နေ့ရောက်တိုင်း ဗုဒ္ဓဘာသာမြန်မာပြည်သူတစ်ရပ်လုံးသည် ကောင်းမြတ်သောပြုဖွယ်ရာများကို ရိုးရာစဉ်လာမပျက် ဆောင်ရွက်လျက် မင်္ဂလာရှိသောနှစ်သစ်ကို ကြိုဆိုကူးပြောင်းလေ့ရှိကြသည်။

၁၃၇၉ ခုနှစ်၊ တန်ခူးလဆုတ် ၆ ရက်နေ့၊ ခရစ်နှစ် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့ဖြစ်သော မြန်မာနှစ်ဆန်းတစ်ရက်နေ့အခါသမယ၌ နှစ်သစ်ဦးမင်္ဂလာအန္တရာယ်ကင်းပရိတ်တရားတော်နာအခမ်းအနားကို စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀)၊ (၃၇) နှင့် (၄၁) တို့တွင်ပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့်ဇနီး ဦးဆောင်သည့်ဝန်ထမ်းမိသားစုများက ပင့်သံဃာဆရာတော်ကြီးများထံမှ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။


ရုံးအမှတ် (၄၁) ၌ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြစဉ်။


ရုံးအမှတ် (၃၇) ၌ အန္တရာယ်ကင်းပရိတ်တရားတော်များနာယူကြစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို မွန်ပြည်နယ်ရှိ စက်ရုံအလုပ်ရုံများအားကြည့်ရှုစစ်ဆေး

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဧပြီလ ၁ ရက်နေ့ နံနက်ပိုင်းက မွန်ပြည်နယ်၊ သထုံမြို့နယ်ရှိ အမှတ် (၂၁) အကြီးစားစက်ရုံ (သထုံ) သို့ ရောက်ရှိပြီး ကုန်ထုတ်စက်များသည် သက်တမ်းကြာမြင့်နေပြီဖြစ်၍ ခေတ်နှင့်အညီ အရည်အသွေးမြင့်ပစ္စည်းများ မထုတ်လုပ်နိုင်ခြင်းကြောင့် ဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချနိုင်ခြင်းမရှိသဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ရပ်ဆိုင်းထားရကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းများ မဆောင်ရွက်သော်လည်း စက်ပစ္စည်းများအား ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ အမြဲဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ စက်ရုံအား နိုင်ငံပိုင်အနေဖြင့် ဆက်လက်လည်ပတ်ရန် အခက်အခဲများစွာရှိသဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းရှင်များကို ဖိတ်ခေါ်ရမည်ဖြစ်ကြောင်း၊ စက်ရုံစတင်တည်ဆောက်အကောင်အထည်ဖော်ခဲ့သည့် Techno Export Co., က အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် မကြာမီလာရောက်လေ့လာမည်ဖြစ်သဖြင့် ကြိုတင်ပြင်ဆင်ထားရန်နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိစွာ အဂတိတရားကင်းကင်းဖြင့် ဆောင်ရွက်ကြရန်လမ်းညွှန်မှာကြားခဲ့သည်။

နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သထုံမြို့နယ်၊ အင်းရှည်ကျေးရွာအနီးတွင် တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်မည့် စက်မှုနယ်မြေ (သထုံ) သို့ ရောက်ရှိပြီး စက်မှုနယ်မြေအတွင်း အခြေခံအဆောက်အဦများ တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့နောက် စက်မှုနယ်မြေ ရှင်းလင်းဆောင်၌ တာဝန်ရှိသူတို့က စက်မှုနယ်မြေဆိုင်ရာ အချက်အလက်များ၊ စက်မှုနယ်မြေအတွင်းတွင် ပြည်တွင်း/ပြည်ပမှစိတ်ပါဝင်စားသည့် စက်မှုလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာ EoI (Expression of Interest) ဖိတ်ခေါ်ထားရှိမှု အခြေအနေများနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စက်မှုနယ်မြေအတွင်း တည်ဆောက်လျက်ရှိသည့် အဆောက်အဦများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးပြီးမှသာ စနစ်တကျလွှဲပြောင်း/လက်ခံရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ရမည့်လုပ်ငန်းများကို Time Line, Time Frame ရေးဆွဲဆောင်ရွက်ရန်နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အဂတိတရားကင်းရှင်းစွာ၊ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရန်လိုကြောင်း၊ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး ပုဂ္ဂလိကလုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် အားပေးကူညီထောက်ပံ့ပေးရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ချက်များဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်၍

**စာမျက်နှာ ၅ သို့ -**


ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို
ပန်းကန်နှင့်ကြွေပြားစက်ရုံခွဲ (မော်လမြိုင်) အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

မျက်နှာဖုံးမှ-

# စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံပိုင်စက်ရုံများကို ပုဂ္ဂလိကနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်နေ

## အမှတ် (၃၆)အကြီးစားစက်ရုံ (ကျောက်ဆည်) နှင့် အဆင့်မြင့်မီးခံအုတ်စက်ရုံခွဲ (ကျောက်ဆည်) တို့အား ပုဂ္ဂလိကသို့ နှစ်ရှည်ငှားရမ်း

အမှတ် (၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်) အား နှစ်ရှည်ငှားရမ်းရေး လက်မှတ်ရေးထိုးပွဲအခမ်းအနားကို မတ်လ ၃၁ ရက်နေ့ နံနက် ၁၁ နာရီက ရုံးအမှတ် (၃၀) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို တက်ရောက်အားပေးစကားပြောကြားသည် ။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာ၌ အမှတ် (၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်) ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ CAMCE Co., Ltd. မှ တာဝန်ယူတည်ဆောက်ခဲ့ပြီး (၁၁. ၁. ၂၀၁၄) ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ စက်ရုံ၏စက်စွမ်းအားမှာ တစ်နေ့လျှင်ကုန်ချောမှန် (၁၁၇) တန်ထုတ်လုပ်နိုင်ကြောင်း၊ ပြောင်းလဲကျင့်သုံးလာသည့် နိုင်ငံတော်၏ စီးပွားရေးစနစ်အရ နိုင်ငံတော်ပိုင်စက်ရုံအနေဖြင့် ဆက်လက်လည်ပတ်ရန်မှာ အခက်အခဲများရှိလာကြောင်း၊ နိုင်ငံတော်မှထပ်တိုးရင်းနှီးမြှုပ်နှံမှုများ မပြုလုပ်နိုင်ခြင်း၊ ဈေးကွက်ထိုးဖောက်နိုင်စွမ်းအားနည်းခြင်းတို့ကြောင့် ကုန်ချောလက်ကျန်များ ပိုမိုများပြားလာပြီးထားသိုရန် နေရာအခက်အခဲများရှိလာခြင်း စသည့်အခက်အခဲများကို ပြေလည်စေရန်နှင့် နိုင်ငံတော်၏ စီးပွားရေးတွင် ပုဂ္ဂလိကကဏ္ဍ၏ပါဝင်မှုကို မြှင့်တင်ပေးနိုင်ရန်အတွက် နည်းပညာနှင့် အရင်းအနှီးစိုက်ထုတ်နိုင်သော International Glass Co.,Ltd. သို့ နှစ်ရှည်ငှားရမ်းပေးခြင်းဖြစ်ကြောင်း၊ စက်ရုံငှားရမ်းရေးအတွက် အဆိုပြုအဖွဲ့အစည်းများ၏အားသာချက်၊ အားနည်းချက်များကို တာဝန်ရှိသူအဆင့်ဆင့်ထံ တင်ပြခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ယခုကဲ့သို့ငှားရမ်းစာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ International Glass Co.,Ltd. အနေဖြင့်လည်း မှန်ထုတ်လုပ်မှုနည်းပညာတိုးတက်အောင် ဝန်ထမ်းများ၏အရည်အသွေးနှင့် ဘဝအခြေအနေတိုးတက်စေရန်နှင့် စက်ရုံ၏ပတ်ဝန်းကျင်ဒေသ စည်ပင်ဝပြောစေရေး၊



အမှတ် (၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်) အား နှစ်ရှည်ငှားရမ်းခြင်းစာချုပ်ကို အပြန်အလှန်လဲလှယ်ကြစဉ်။

**စာမျက်နှာ ၅ သို့ -**

မျက်နှာဖုံးမှ-

# ၁၉၅၄ ခုနှစ်က အခြေတည်ဆောက်ရွက်ခဲ့သည့် ဆေးဝါးစက်ရုံ (အင်းစိန်) ရှိ စက်များ၏ကြံ့ခိုင်မှု ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဧပြီလ ၈ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ဆေးဝါးစက်ရုံ (အင်းစိန်) သို့ရောက်ရှိပြီး မူလစက်ရုံအတွင်း ဆေးဝါးထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးအား မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုလွင်နှင့်စက်ရုံမှူးတို့က မူလစက်ရုံအတွင်း ဆေးဝါးထုတ်လုပ်နေမှုနှင့် စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက မူလစက်ရုံအတွင်း ခေတ်နှင့်မလျော်ညီသောဆေးဝါးထုတ်လုပ်မှု အဆောက်အအုံနှင့် စက်ကိရိယာများကို ရေရှည်တွင် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တစ်ဆင့်ပြီးတစ်ဆင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် New BPI Project ရှိ Cephalosporin နှင့် Small Volume Parenterals Plant များရှိ ဆေးဝါးအမယ်သစ်များ ထုတ်လုပ်နေမှုကိုကြည့်ရှုစစ်ဆေးပြီး စက်များစွမ်းအားပြည့်လည်ပတ်ရေး၊ စနစ်တကျရှိရေး GMP Guide Line နှင့်အညီထုတ်လုပ်ရန် စက်ရုံတာဝန်ရှိသူများအား မှာကြားသည်။

ဆေးဝါးစက်ရုံ (အင်းစိန်) အမည်ဖြင့် မူလစက်ရုံမှာ ၁၉၅၄ ခုနှစ်ကတည်းက အခြေတည်ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ အချို့ဆေးဝါးထုတ်လုပ်မှုဆိုင်ရာ စက်ကိရိယာများမှာ နှစ်ပေါင်းရှည်ကြာလာပြီဖြစ်ပြီး ခေတ်မမီတော့သည့်အပြင် ပြုပြင်ထိန်းသိမ်းစရိတ်များမှာလည်း အမြဲလိုအပ်လျက်ရှိသဖြင့် အချို့သောဆေးဝါးထုတ်လုပ်မှုနည်းစဉ်အချို့ကို တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် Public-Private- Partnership (PPP) စနစ်ဖြင့်ဆောင်ရွက်ပါက နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပို၍အကျိုးဖြစ်ထွန်းမည်ဖြစ်သည်။

မြန်မာ့ဆေးဝါးလုပ်ငန်းအနေဖြင့် ဈေးကွက်အတွင်းပျံ့နှံ့နေသည့် BPI ဆေးဝါးအတုများကိုလည်း တားဆီးကာကွယ်နိုင်ခဲ့ပြီး စက်ရုံထုတ် BPI ဆေးဝါးများကို ပြည်သူလူထုအလွယ်တကူဝယ်ယူနိုင်ရန် BPI ဆေးဝါးအရောင်းဆိုင်များကိုလည်း တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကင်းမြို့နယ်ရှိ ရန်ကုန်တိုင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ရောက်ရှိကာ လုပ်ငန်းဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးကာ ပြည်သူလူထုအကျိုးပြုလုပ်ငန်းများကို ပြည်သူနှင့်အတူ လက်တွေ့ကျကျအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**စာမျက်နှာ ၄ မှ-**

ပြည်တွင်းမှန်လိုအပ်ချက်ကို အပြည့်အဝဖြည့်ဆည်းဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့်လည်း လုပ်ထုံးလုပ်နည်းနှင့်အညီ လိုအပ်ချက်များကို အပြည့်အဝကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ အစိုးရ-ပုဂ္ဂလိက နှစ်ဦးနှစ်ဖက်အကျိုးရှိစေမည့် Win-Win Situation ကို စဉ်ဆက်မပြတ်ထိန်းသိမ်းသွားနိုင်ရန် အစဉ်ကြိုးပမ်းဆောင်ရွက်သွားခြင်းဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးကိုဖော်ဆောင်နိုင်သည့် စံပြအစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအဖြစ် စံနမူနာပြနိုင်မည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ခင်မာရီနှင့် International Glass Co.,Ltd. ၏ Managing Director ဦးဇော်ဝင်းတို့က အမှတ် (၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်) အား နှစ်ရှည်ငှားရမ်းခြင်း စာချုပ်ကိုလက်မှတ်ရေးထိုးကြသည်။

အလားတူ စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၃၃) အကြီးစားစက်ရုံကြီးကြပ်မှုအောက်ရှိ အဆင့်မြင့်မီးခံအုတ်စက်ရုံခွဲ (ကျောက်ဆည်) အား စိုးနိုင်ဖြိုးကုမ္ပဏီလီမိတက်သို့ နှစ်ရှည်ငှားရမ်းသည့်စာချုပ် လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ဧပြီလ ၁၁ ရက်နေ့၊ နံနက်က ရုံးအမှတ် (၃၀) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုတက်ရောက်အားပေးစကားပြောကြားပြီး နှစ်ရှည်ငှားရမ်းခြင်း သဘောတူစာချုပ်ကို အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် စိုးနိုင်ဖြိုးကုမ္ပဏီလီမိတက်Managing Director တို့က အသီးသီးလက်မှတ်ရေးထိုးကြပြီး စာချုပ်များကိုအပြန်အလှန်လဲလှယ်ကြသည်။ ထို့နောက် စိုးနိုင်ဖြိုးကုမ္ပဏီလီမိတက်မှ Managing Director ဦးစိုးမျိုးဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

စာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားများသို့ စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ ❑

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို POSCO DAEWOO Myanmar Corporation Ltd. မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် POSCO DAEWOO Myanmar Corporation Ltd. မှ Managing Director Mr. Won Yoo Joon ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား မတ်လ ၃၁ ရက်နေ့၊ နံနက် ၈ နာရီက ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံရာတွင် စက်မှုဝန်ကြီးဌာနနှင့်ပူးပေါင်း၍ Truck၊ Bus၊ Model မြင့် မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များကို SKD, CKD စနစ်ဖြင့် တင်သွင်းထုတ်လုပ်နိုင်ရေးအတွက် အဆိုပြုလွှာတင်သွင်းနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ Phase အလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာမည့်အခြေအနေများ၊ ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ AoD ရေးထိုးဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

**စာမျက်နှာ ၃ မှ-**

အမြတ်မီး လေ့လာသင်ယူနေရန်လိုကြောင်း၊ စက်မှုဇုန်မြေအောင်မြင်လာလျှင် ဒေသဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည်ဖြစ်၍ အားလုံးဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။

ဧပြီလ ၂ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ရောက်ရှိပြီး တာဝန်ခံအရာရှိက ပုဂ္ဂလိကစက်မှုမှတ်ပုံတင်ခြင်းလုပ်ငန်း၊ ဘွိုင်လာစစ်ဆေးခြင်းလုပ်ငန်း၊ လျှပ်စစ်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ စက်မှုဖွံ့ဖြိုးရေးဌာန၏ လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာများပံ့ပိုးပေးမှုအခြေအနေနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတကာအဖွဲ့အစည်းများမှ ဖြန့်ဝေပေးသည့် နည်းပညာများကို ထိရောက်စွာအသုံးပြု၍ ပြည်သူလူထုကိုတိုက်ရိုက်အကျိုးရှိမည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတကာမှ နည်းပညာများ လာရောက်ဖြန့်ဝေပေးနေသည့်အတွက် ဝန်ထမ်းများအနေဖြင့် အင်္ဂလိပ်စာနှင့် ကွန်ပျူတာဘာသာရပ်များကို ကျွမ်းကျင်တတ်မြောက်အောင် လေ့လာသင်ယူထားရမည်ဖြစ်ပြီး စစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုသည့် အထောက်အကူပြုပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုတတ်စေရန် လေ့ကျင့်သင်ယူထားရန်လိုကြောင်း၊ လျှပ်စစ်နှင့်ပတ်သက်၍ ဓာတ်လိုက်မှု၊ ပေါ့ဆမှု၊ မီးလောင်မှုများမဖြစ်စေရန် စနစ်တကျစစ်ဆေးပေးရန် လိုအပ်သလိုပညာပေးဆွေးနွေးခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးရန်လိုကြောင်း၊ ထို့အတူ ဘွိုင်လာများကိုလည်း သတ်မှတ်စံချိန်စံညွှန်းများနှင့်ကိုက်ညီမှုရှိစေရန် စနစ်တကျစစ်ဆေးပေးရန်လိုကြောင်း၊ စက်မှုလုပ်ငန်းများကို စစ်ဆေးသည့်အခါ ကျန်းမာရေး၊ ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် အလေးထားစစ်ဆေးပေးရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် တက်တက်ကြွကြွမြန်မြန်ဆန်ဆန် ရလဒ်ကောင်းများရရှိသည်အထိ ဆောင်ရွက်ကြရန်လိုကြောင်း လမ်းညွှန်မှာကြားသည်။

နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စက်မှုဝန်ကြီးဌာနမှ Chords and Chain Myanmar Co.,Ltd. သို့ ငှားရမ်းထားသည့် ကြွေထည်ပစ္စည်းထုတ်လုပ်ရေးဌာနသို့ ရောက်ရှိပြီး တာဝန်ရှိသူတို့က လုပ်ငန်းလည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းအခက်အခဲများရှိပါက ကူညီဖြေရှင်းပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် PPP (Public-Private-Partnership) စနစ်ဖြင့် ပံ့ပိုးကူညီပေးလျက်ရှိကြောင်း၊ လုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်အောင် ဈေးကွက်သုတေသနပြုလုပ်ပြီး ဈေးကွက်လိုအပ်ချက်အတိုင်း ထုတ်လုပ်နိုင်ရေးစီမံဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားပြီး စက်ရုံအတွင်းကုန်ထုတ်လုပ်မှုနည်းစဉ်အဆင့်ဆင့်နှင့် သံလွင်မြစ်ကမ်းတွင် ဆိပ်ခံတံတားတည်ဆောက်မည့် မြေနေရာတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ ❑



စက်မှုဇုန်မြေ (သထုံ) အတွင်းရှိ တည်ဆောက်ပြီး/တည်ဆောက်ဆဲ အခြေခံအဆောက်အဦအချို့ကိုတွေ့မြင်ရစဉ်။

# ဧည့်လမ်းညွှန်အခြေခံသင်တန်းနှင့် မွမ်းမံသင်တန်းဖွင့်လှစ်မည်

ဟိုတယ်နှင့်ခရီးသွားလာရေးဌာနမှကြီးမှူး၍ ဧည့်လမ်းညွှန်အခြေခံသင်တန်းအမှတ်စဉ် (၅၄) နှင့်လိုင်စင်ပျက်ပြယ်သွားသည့် ဧည့်လမ်းညွှန်များအတွက် မွမ်းမံသင်တန်းအမှတ်စဉ် (၈) တို့ကို လာမည့်မေလဒုတိယပတ်နှင့်ဇွန်လဒုတိယပတ်များတွင် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ဧည့်လမ်းညွှန်အခြေခံသင်တန်းကို ဇွန်လ ၁၂ ရက်နေ့မှ ဩဂုတ်လ ၇ ရက်နေ့အထိဖွင့်လှစ်မည်ဖြစ်ရာ ယင်းသင်တန်းဝင်ခွင့်လျှောက်လွှာများအား ဧပြီလ ၂၅ ရက်နေ့မှမေလ ၉ ရက်နေ့အတွင်း အမှတ် (၄၅၀/၄၆၀) မဟာဗန္ဓုလလမ်းနှင့် ၃၁ လမ်းထောင့်၊ ရသာကွန်ဒိုဒုတိယထပ်ရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာသင်တန်းကျောင်း၌ လာရောက်လျှောက်ထားနိုင်ကြောင်းသိရသည်။

ယင်းသင်တန်းသို့ အသက် ၁၈ နှစ်နှင့်အထက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ ကျန်းမာရေးကောင်းမွန်၍ ကိုယ်လက်အင်္ဂါသန်စွမ်းသူ ကိုရီးယား၊ ဂျပန်၊ ထိုင်း၊ ပြင်သစ်စသည့် နိုင်ငံခြားဘာသာကျွမ်းကျင်တတ်မြောက်သူများလျှောက်ထားနိုင်ပြီး လျှောက်ထားသူ၏ပညာအရည်အချင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်များ မိတ္တူ/မူရင်းနှင့်လိုင်စင်ဓာတ်ပုံ ၃ ပုံပူးတွဲ၍ လျှောက်ထားရမည်ဖြစ်သည်။

ထို့အတူ မေလ ၁၅ ရက်နေ့တွင်ဖွင့်လှစ်မည့် လိုင်စင်ပျက်ပြယ်သွားသော ဧည့်လမ်းညွှန်များမွမ်းမံသင်တန်းသို့ တက်ရောက်လိုသူများအနေဖြင့် မေလ ၂ ရက်နေ့မှ ၁၂ ရက်နေ့အတွင်း ရန်ကုန်မြို့၊ အမှတ် (၄၀/၄၂) ဗိုလ်ဆွန်ပက်လမ်း၊ အောက်ဘလောက်ရှိ ခရီးသွားလုပ်ငန်းဆိုင်ရာသင်တန်းကျောင်းသို့ လာရောက်လျှောက်ထားနိုင်ကြောင်းသိရှိရသည်။ **မင်းထွဏ်း**

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

**စာတည်းမှူးချုပ်**
ဦးကျော်လှိုင်

**ဒုတိယစာတည်းမှူးချုပ်**
ဦးစည်သူဝင်း

**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
ဦးဟိန်းမင်းဇော

**စာမျက်နှာအပြင်အဆင်**
ဒေါ်ခင်ဌေးဝင်း၊ ဒေါ်ခင်သီတာမိုး

**ဖြန့်ချိရေးနှင့်ပြင်ပဆက်ဆံရေး**
ဦးအောင်ကြည်၊ ဦးမင်းထွဏ်းဦး

**ထုတ်ဝေသူ**
ဦးအောင်စိုးရ
ထုတ်ဝေခြင်းလုပ်ငန်း
အသိအမှတ်ပြုလက်မှတ်အမှတ် - ၀၀၅၀၁

**ပုံနှိပ်သူ/ပုံနှိပ်တိုက်**
ဦးမောင်မောင်လှ
ရွှေနိုင်ငံ (၀၀၂၉၆)
ရန်ကုန်မြို့
**ခောင်ရေ ၃၆၅၀**

**ဂျာနယ်တိုက်လိပ်စာ**
ရုံးအမှတ် (၃၀)
စက်မှုဝန်ကြီးဌာန
နေပြည်တော်
ဖုန်း - ၀၆၇ - ၄၀၅၀၅၇
၀၁ - ၂၅၀၆၅၁

E-mail
beaconofindustry@gmail.com

## စက်မှုကျွမ်းကျင် တစ်နှစ်သင်တန်းများဆင်း

စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနအနေဖြင့် နိုင်ငံတော်၏စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်စေရန် စက်မှုသင်တန်းကျောင်း (၆) ကျောင်း ဖွင့်လှစ်၍ စက်မှုကျွမ်းကျင်တစ်နှစ်သင်တန်းများ နှစ်စဉ်လေ့ကျင့်သင်ကြားပေးလျက်ရှိရာ အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) ၏ စက်မှုကျွမ်းကျင် တစ်နှစ်သင်တန်းအမှတ်စဉ် (၆) သင်တန်းဆင်းပွဲကို ဧပြီလ ၇ ရက်နေ့ နံနက် ၉ နာရီတွင် သင်တန်းကျောင်းရှိ Auditorium ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။ အခမ်းအနားတွင် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာနညွှန်ကြားရေးမှူး ဦးအောင်သူက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုများကို ချီးမြှင့်ပေးအပ်သည်။ (ပုံ)

အဆိုပါသင်တန်းအား (၆. ၆. ၂၀၁၆) မှ (၇. ၄. ၂၀၁၇) ထိ သင်တန်းသား/သူ ၁၅၁ ဦးတို့ဖြင့် တစ်နှစ်ကြာလေ့ကျင့်သင်ကြားပေးခဲ့ပြီး သင်တန်းဆင်းများ၏အလုပ်အကိုင်ရရှိရေးအတွက်လည်း ပုဂ္ဂလိကကုမ္ပဏီများ၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များ၊ စက်မှုဇုန်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

အလားတူ အမှတ် (၆) စက်မှု သင်တန်းကျောင်း (မြင်းခြံ) ၏အမှတ်စဉ် (၃) သင်တန်းဆင်းပွဲအခမ်းအနားကို မတ်လ ၃၁ ရက်နေ့၊ နံနက် ၉ နာရီတွင် အဆိုပါကျောင်း၏ Auditorium ခန်းမ၌ကျင်းပရာ ညွှန်ကြားရေးမှူး ဦးအောင်သူတက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး ထူးချွန်ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။ အဆိုပါ အမှတ်စဉ် (၃) သင်တန်းကို သင်တန်းသား/သူ ၁၇၉ ဦး တက်ရောက်အောင်မြင်ခဲ့ကြောင်း သိရသည်။





# သုံးနာရီအတွင်းဖြုတ်တပ်နိုင်သော Smart Home မန္တလေးမှစတင်ထုတ်လုပ်

မန္တလေးမြို့ UD Group မှ ထုတ်လုပ်သည့်သုံးနာရီအတွင်း ဖြုတ်တပ်နိုင်သည့် Smart Home အိမ်သည် ဝယ်လိုအားများလာသည့်အတွက် သကြ်န်လွန်သည်နှင့် ဒီဇိုင်းသစ်တစ်ခုပါ ထပ်မံထုတ်လုပ်မည်ဟုသိရသည်။

လက်ရှိ Smart Home အလုံး ၃၀၀ ကျော်ရောင်းနေရပြီး အော်ဒါ ၁၀၀ ကျော်လက်ခံထားရကြောင်း၊ လက်ရှိထွက်နေသော အလုံးပုံစံမှ မြန်မာလူထုနှင့်ကိုက်ညီမည့် လေးထောင့်ပုံစံဒီဇိုင်းဖြင့် ထပ်မံထုတ်လုပ်သွားမည်ဟု UD Group ကုမ္ပဏီမှ ဒါရိုက်တာဦးဝေလင်းထွန်းက ပြောသည်။

Smart Home ၏အားသာချက်မှာ လေဒဏ်ကို တစ်နာရီ မိုင် ၂၀၀ ကျော်အထိခံနိုင်ရည်ရှိပြီး မီးဒဏ်၊ မိုးဒဏ်၊ မြေငလျင်ဒဏ်များကိုလည်း ခံနိုင်ရည်ရှိကာ ခြဒဏ်၊ ပိုးမွှားဒဏ်ကအစ မစိုးရိမ်ရကြောင်း၊ Smart Home ကို တစ်ဧကအတွင်း အလုံး ၃၀ ခန့်တည်ဆောက်၍ရသလို တစ်လုံးနှင့်တစ်လုံး ဆက်၍ရကြောင်းသိရသည်။

Smart Home အိမ်တစ်လုံးလျှင် အဆင့်မြင့် Fiber ချပ်ပြားရေ ၂၀ ချပ်နှင့် Nut အလုံးပေါင်း ၁၅၀ ပါဝင်ပြီး လူသုံးယောက်နှင့်ပင် အလွယ်တကူ ရွှေ့ပြောင်းတပ်ဆင်တည်ဆောက်နိုင်ကာ အိမ်အကျယ်အဝန်းစတုရန်း ၂၀ ပေကျယ်ပြီး အမြင့် ၁၂ ပေ၊ နှစ်ယောက်အိပ်ခန်းတစ်ခန်း၊ မီးဖိုချောင်တစ်ခန်း၊ ဧည့်ခန်းတစ်ခန်း၊ အိမ်သာတစ်လုံးတို့ဖြင့် ဖွဲ့စည်းထားသည်။ Smart Home ကို အမျိုးအစားလေးမျိုးခွဲခြားထားကာ စက်ရုံပေါက်ဈေးအနိမ့်ဆုံးကျပ်သိန်း ၃၀ မှ အမြင့်ဆုံး ၄၅ သိန်းကျပ် သတ်မှတ်ရောင်းချပေးကြောင်းသိရသည်။



Smart Home နှင့်ပတ်သက်ပြီး ၇၄ လမ်းနှင့် ဇော်ဂျီလမ်းထောင့်ရှိ UD Group Office သို့ ဆက်သွယ် နိုင်ကြောင်း သိရသည်။ **ဝင်းမြင့်ဦး**




**အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) မှ သက်ပြည့်ပင်စင်ခံစားတော့မည့် ဒုတိယစက်ရုံမှူး ဦးဘိုညွန့်အတွက် မတ်လ ၂၉ ရက်နေ့က ဂုဏ်ပြုနှုတ်ဆက်ပွဲအခမ်းအနားပြုလုပ်ရာ စက်ရုံမှူး ဦးမင်းသူက ဂုဏ်ပြုစကားပြောကြားပြီး အမှတ်တရလက်ဆောင်ပေးအပ်ခဲ့သည်။**

# စွမ်းအင်စနစ်ထိရောက်စွာအသုံးပြုခြင်းနှင့် စွမ်းအင်စီမံခန့်ခွဲမှုစနစ် အသုံးပြုခြင်းဆိုင်ရာသင်တန်းများ အခမဲ့ဖွင့်လှစ်မည်

စက်မှုဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးရေးအဖွဲ့ (United Nations Industrial Development Organization-UNIDO) တို့ပူးပေါင်း၍ စက်မှုလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းများအတွက် စွမ်းအင်စီမံခန့်ခွဲမှု (Energy Management) သင်တန်းများ၊ စွမ်းအင်စနစ်ထိရောက်စွာအသုံးပြုခြင်းဆိုင်ရာ (Energy System Optimization) သင်တန်းများကို အခမဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။

အဆိုပါသင်တန်းများကို ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်း၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနဝန်းအတွင်းရှိ သင်တန်းခန်းမ၌ International Expert များက ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိရာ Steam Energy System Optimization (SSO) User Level နှစ်ရက်သင်တန်း အမှတ်စဉ် (၇) ကို မေလ ၂ ရက်နေ့မှ ၃ ရက်နေ့တို့တွင် နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ သင်တန်းကြေးအခမဲ့ဖြင့် သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

သင်တန်းတွင် Steam Energy System Optimization Expert မှ Steam Energy Optimization အခြေခံအကြောင်းအရာများ၊ System Optimization အတွက် လိုအပ်ချက်များ၊ Best Practices များ စသည်တို့ကို သင်ကြားပို့ချပေးမည်ဖြစ်ရာ Steam အသုံးပြုသည့် ပုဂ္ဂလိက/အစိုးရစက်ရုံများမှ အင်ဂျင်နီယာများ၊ Operator များ၊ စွမ်းအင်ကုန်ကျစရိတ် လျှော့ချလိုသောစက်ရုံ/အလုပ်ရုံများ၊ စွမ်းအင်မန်နေဂျာအဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုသူများ၊ စွမ်းအင်စနစ်အထိရောက်ဆုံး အသုံးပြုခြင်းဆိုင်ရာ Energy System Optimization ပညာရပ်ကို စိတ်ပါဝင်စားသူများ၊ မိမိစက်ရုံတွင် Steam အတွက် Energy သုံးစွဲမှုကုန်ကျစရိတ်များပြားနေပြီး ယင်းကုန်ကျစရိတ်ကိုလျှော့ချလိုသူများ တက်ရောက်နိုင်ကြောင်းသိရသည်။

ထို့အပြင် Energy Management System (EnMS) User Level နှစ်ရက်သင်တန်း အမှတ်စဉ် (၉) ကို မေလ ၁၅ ရက်နေ့မှ ၁၆ ရက်နေ့နှင့် အမှတ်စဉ် (၁၀) ကို မေလ ၁၈ ရက်နေ့မှ ၁၉ ရက်နေ့တို့တွင် နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ အထက်ပါသင်တန်းခန်းမ၌ သင်တန်းကြေးအခမဲ့ဖြင့် သင်ကြားပို့ချပေးသွားမည်ဖြစ်ရာ စွမ်းအင်ကုန်ကျစရိတ်လျှော့ချလိုသော စက်ရုံ/အလုပ်ရုံများ၊ ISO 50001 Certification Process နှင့် အညီ Upgrade ပြုလုပ်လိုသော စက်ရုံ/အလုပ်ရုံများမှ တာဝန်ရှိသူများ၊ စွမ်းအင်မန်နေဂျာအဖြစ် အသက်မွေးဝမ်းကြောင်းပြုလိုသူများ၊ စွမ်းအင်ထိရောက်စွာအသုံးပြုရေး ပညာရပ်ကိုစိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်းနှင့် User နှင့် Expert Level သင်တန်းများ တက်ရောက်အောင်မြင်ပြီးပါက Energy Expert အဖြစ် အသက်မွေးဝမ်းကျောင်းပြုနိုင်သည့် အခွင့်အလမ်းများရရှိနိုင်မည်ဖြစ်သည်။

သင်တန်းသားဦးရေ ကန့်သတ်ထားပြီး သင်တန်းများသို့ အင်ဂျင်နီယာဘွဲ့ရရှိထားသူ (Bachelors in Engineering) (သို့) တက်ရောက်မည့်သင်တန်းနှင့် သက်ဆိုင်သည့် လုပ်ငန်းအတွေ့အကြုံ ၂ နှစ်နှင့် အထက်ရှိသူ၊ အင်္ဂလိပ်ဘာသာဖြင့် နားလည်ပြောဆိုနိုင်သူဖြစ်လျှင် ပိုမိုသင့်တော်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် လျှောက်လွှာများကို **www.ieemyanmar. com/?page-id=4452** တွင် Download ရယူဖြည့်စွက်၍ **email: T.OO@unido.org** နှင့် (သို့) **A.ZIN@uindo.org** တို့သို့ သင်တန်းအမှတ်စဉ် (၇) အတွက် ဧပြီလ ၂၇ ရက်နေ့ (သောကြာနေ့) တွင်လည်းကောင်း၊ သင်တန်းအမှတ်စဉ် (၉) နှင့် (၁၀) အတွက် မေလ ၉ ရက်နေ့ (အင်္ဂါနေ့) တွင်လည်းကောင်း နောက်ဆုံးထား ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် စုံစမ်းမေးမြန်းလိုပါက ဖုန်း-၀၉-၅၁၉၀၉၇၉၊ ၀၉-၄၂၁၁၃၁၀၈၅ များသို့ မေးမြန်းနိုင်ကြောင်းသိရသည်။ ❑

# ရေကစားသူများထံမှ ခါးပိုက်နှိုက်မှုကျူးလွန်သူများအား ဖမ်းဆီးအရေးယူ

ရန်ကုန်မြို့တော် မဟာသင်္ကြန်ပွဲတော်တွင် ပျော်ရွှင်စွာရေကစားနေသည်ကို အခွင့်ကောင်းယူ၍ ရေကစားသူများထံမှ ခါးပိုက်နှိုက်မှုကျူးလွန်သူများအား စွန်ရဲစီမံချက်ဆောင်ရွက်နေသော ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ စောင့်ကြည့်ဖမ်းဆီးမှုများ ပြုလုပ်ခဲ့ကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်စဉ် သင်္ကြန်အကျနေ့ဖြစ်သည့် ဧပြီလ ၁၄ ရက်နေ့၊ ၁၀ နာရီခွဲတွင် ရေကစားမဏ္ဍပ်များ၌ ခါးပိုက်နှိုက်မှုများ မဖြစ်ပွားစေရေး ဆောင်ရွက်ရန် ရန်ကုန်တိုင်းဒေသကြီး၊ ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းအကူဌာနစုမှတပ်ဖွဲ့ဝင်များက အရပ်ဝတ်ဖြင့် ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေးဆောင်ရွက်စဉ် လှိုင်မြို့နယ်၊ (၁၀) ရပ်ကွက်၊ ပြည်လမ်းမပေါ်ရှိ 'ဟန်ရွှေဦး' ရေကစားမဏ္ဍပ်ရှေ့တွင် လှိုင်သာယာမြို့နယ်နေ စန်းမင်းအောင် (ခ) မျောက်ကြီး (၁၉) နှစ်မှ ရေကစားနေသူတစ်ဦးထံ မှ ငွေကျပ် ၂၂,၀၀၀ ထည့်ထားသော ကြွပ်ကြွပ်အိတ်အားနှိုက်ယူနေစဉ် ဖမ်းဆီးရမိခဲ့ပြီးစစ်ဆေးရာ ၎င်းတို့ထံမှ ခါးပိုက်နှိုက်ရာတွင်အသုံးပြုသည့် ခေါက်ဓါးတစ်ချောင်းအား ရှာဖွေသိမ်းဆည်းရမိခဲ့သဖြင့် လှိုင်မြို့မရဲစခန်းတွင် အမှုရေးဖွင့်အရေးယူဆောင်ရွက်ခဲ့ကြောင်းသိရသည်။

အလားတူ နေ့လယ် ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်များက ကမာရွတ်မြို့နယ်၊ (၂) ရပ်ကွက် ပြည်လမ်းမပေါ်ရှိ 'အတာမိုး' ရေကစားမဏ္ဍပ်တွင် ခါးပိုက်နှိုက်ဖမ်းဆီးရမိရေးဆောင်ရွက်နေစဉ် အင်းစိန်မြို့နယ်နေ အောင်ပိုင် (ခ) ဘဲခြေထောက် (၃၅) နှစ်က ရေကစားနေသူတစ်ဦးဝတ်ဆင်ထားသော ဘောင်းဘီအိတ်ကပ်အတွင်းမှ Levis စာတမ်းပါ ပိုက်ဆံအိတ်ဖြင့်ထည့်ထားသော ငွေကျပ် ၁၇,၈၅၀ အားလည်းကောင်း၊ နေ့လယ် ၁၁ နာရီခွဲတွင် လှိုင်သာယာမြို့နယ်နေ သန်းထွန်း (၂၄) နှစ်မှ ၎င်းမဏ္ဍပ်၌ရေကစားနေသော အမျိုးသားတစ်ဦးထံမှ Oppo အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးအားလည်းကောင်း နှိုက်ယူနေစဉ် ဖမ်းဆီးရမိခဲ့သဖြင့် ကမာရွတ်မြို့မရဲစခန်းတွင် အရေးယူဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ထို့အပြင် တစ်နေ့တည်းတွင် လသာမြို့နယ်၊ (၄) ရပ်ကွက်၊ အနော်ရထာလမ်းမပေါ်တွင် MNTV ရေကစားမဏ္ဍပ်တွင် စောင့်ဆိုင်းနေစဉ် ဒလမြို့နယ်နေ သက်မျိုးဦး (၂၉) နှစ်နှင့်မချိုချိုအောင် (၃၁) နှစ်တို့မှ မဏ္ဍပ်၌ ရေကစားနေသောအမျိုးသားထံမှ ငွေကျပ် ၁၃,၀၀၀ အားလည်းကောင်း၊ လှိုင်သာယာမြို့နယ်နေ သန်းမြတ်စိုး (၃၁) နှစ်မှ ၎င်းမဏ္ဍပ်၌ရေကစားနေသော အမျိုးသားထံမှ လက်ကိုင်ဖုန်းနှစ်လုံးအားလည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ်နေသူများဖြစ်သည့် ဝင်းထက်နိုင်နှင့် သက်နိုင်ဦးတို့မှ ၎င်းမဏ္ဍပ်၌ရေကစားနေသောအမျိုးသားထံမှ ငွေကျပ် ၆,၀၀၀ အားလည်းကောင်း၊ လှိုင်သာယာမြို့နယ်နေ သက်ပိုင်စိုး (ခ) ရွှေစောင်း (၂၉) နှစ်မှ ရေကစားနေသော အမျိုးသားထံမှ ငွေကျပ် ၅,၀၀၀ အားလည်းကောင်း နှိုက်ယူနေစဉ် အသီးသီးဖမ်းဆီးရမိသဖြင့် စစ်ဆေးရာ ၎င်းတို့ထံမှ ခါးပိုက်နှိုက်ရာတွင်အသုံးပြုသည့် ခေါက်ဓါးများအား သိမ်းဆည်းရမိခဲ့ပြီး လသာမြို့မရဲစခန်း၌ အမှုများအသီးသီးရေးဖွင့်ကာ အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**မြင့်မြတ်အောင်မြင်**

စက်မှုအလင်းဂျာနယ် Beacon of Industry Journal


# ကြေးပိဋကတ်တော် လှူဒါန်းနေပါသည်

ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ(ဗ)တွဲ ကြေးပိဋကတ်တော် အလှူရှင်



ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့သစ်၊ ယုဇနအိမ်ရာ

ဒေါက်တာ လှညွှန့် + ဒေါ်ခင်ဌေး

မိသားစုတို့ မှ ကြေးပြား (၁၀)ချပ်၊

တန်ဖိုး - ၂၆၀၀၀၀ ကျပ်ကို

၁၂. ၁၁. ၁၆ နေ့က

ကြေးပိဋကတ်ဦးဆောင်ဆရာတော်ထံ

လာရောက်လှူဒါန်းပါသည်။

ဆက်သွယ်လှူဒါန်းရာဌာန - မင်္ဂလာတိုက်ကျောင်း၊ ကျောင်းတော်ရာရွှေကျင်တိုက်ကြီး၊ ကမ္ဘာအေးဘုရားလမ်း၊ (ရွှေကောင်း ပော့ဝေါ့ရှေ့)၊ ကြားတောရရပ်ကွက်၊ မဟာနီးမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁၅၄၈၈၀၅၊ ၀၉ ၅၁ ၉၅၂၈၆၊ ၀၉ ၄၉၃ ၁၆၂၁၃။


# ရန်ကုန်တက္ကသိုလ် ခေတ်မီအသုံးချမြေပုံကို မောင်းသူမဲ့လေယာဉ်ဖြင့်ထုတ်

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ မောင်းသူမဲ့ လေယာဉ်သုတေသနဌာနမှ ရန်ကုန်တက္ကသိုလ်နှင့်အဆင့်မြင့်ပညာဦးစီးဌာန နယ်မြေများအတွက် မောင်းသူမဲ့လေယာဉ်ဖြင့် ကောင်းကင်ဓာတ်ပုံရိုက်ကူးတိုင်းတာပြီး အသုံးချမြေပုံကိုထုတ်လုပ်နိုင်ကြောင်း မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ် (မိတ္ထီလာ) မောင်းသူမဲ့လေယာဉ်သုတေသနဌာန ဌာနမှူး ဒေါက်တာသဲမောင်မောင်က ပြောကြားသည်။

ယင်းသို့ရရှိလာသည့် မြေပုံများမှတစ်ဆင့် ရန်ကုန်တက္ကသိုလ်ရှိ အဆောက်အအုံများ၊ လမ်းများ၊ ရေပိုက်လိုင်းများ၊ သစ်ပင်စိုက်ခင်းများ၊ တည်နေရာအကျယ်အဝန်း၊ တိကျသည့်အတိုင်းအတာ၊ မြေအနိမ့်အမြင့်စသည်တို့ကို လက်ရှိပကတိအနေအထားအတိုင်း Digitalize တိကျမှန်ကန်စွာ ပြုလုပ်ပေးနိုင်မည်ဖြစ်သည်။

ထိုအချက်များအပေါ် အခြေခံ၍ ရန်ကုန်တက္ကသိုလ် Master Plan ရေးဆွဲရေးအတွက် အသုံးချ Planning ပြုလုပ်မည်ဖြစ်ပြီး ရန်ကုန်တက္ကသိုလ်များနယ်မြေ (လှိုင်နယ်မြေ) နှင့်ရန်ကုန်စက်မှုတက္ကသိုလ်နယ်မြေတို့ကိုပါ ကောင်းကင်ဓာတ်ပုံရိုက်ကူးကာ အသုံးချမြေပုံများထုတ်မည်ဖြစ်ကြောင်းကိုလည်း ဒေါက်တာသဲမောင်မောင်ကပင် ပြောသည်။

မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် မောင်းသူမဲ့လေယာဉ်သုတေသနဌာန အနေနှင့် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလနှင့်မတ်လအတွင်းကလည်း UNEO နှင့်ပူးပေါင်းကာ ချင်းပြည်နယ်အတွင်းရှိ ရေလွှမ်းမိုးကာမြေပြိုခဲ့သောဒေသများအတွက် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသုံးချမြေပုံများထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်ဦး**

# Fortune Plaza မှ ရုံးခန်းပူးတွဲပါဆိုင်ခန်းများအား ငှားရမ်းလုပ်ကိုင်ခွင့်ပေးမည်

အောင်သမာဓိကုမ္ပဏီလီမိတက်မှ ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ သာကေတမြို့နယ်၊ မင်းနန္ဒာလမ်းနှင့်သုမနလမ်းထောင့်တွင် တည်ဆောက်လျက်ရှိသည့် Fortune Plaza မှ ရုံးခန်းပူးတွဲပါဆိုင်ခန်းများအား ငှားရမ်းလုပ်ကိုင်ခွင့်ပေးရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း ကုမ္ပဏီ၏ဒါရိုက်တာဦးဝင်းကိုလတ်က ပြောကြားသည်။

'ကျွန်တော်တို့တည်ဆောက်နေတဲ့ Project က မကြာမီပြီးဆုံးတော့မှာပါ။ ကုမ္ပဏီရဲ့မူလမျှော်မှန်းချက်က အပြီးအပိုင်လွှဲပြောင်းရောင်းချခြင်းထက် ငှားရမ်းလုပ်ကိုင်ခွင့်ပြုပေးခြင်းကို စတင်မှာပါ။ ပလာဇာဧရိယာမှာ ၄ ထပ် တိုက် ၆၅ လုံးတည်ဆောက်ထားပြီး အရောင်းပြခန်း၊ ရုံးခန်းနဲ့လူနေတိုက်ခန်းပေါင်းစပ်ဖွဲ့စည်းပေးထားတဲ့ပုံစံကို တည်ဆောက်ထားတာဖြစ်ပါတယ်။ မြို့ပြစီမံကိန်းနှင့်အဆောက်အဦဗိသုကာဒီဇိုင်းကို စင်ကာပူနိုင်ငံကကျွမ်းကျင်ပညာရှင်တွေက ရေးဆွဲပေးထားတာပါ။ အဆောက်အဦတွေက Type D = ၄၄၈၄ စတုရန်းပေနဲ့ Type E = ၄၉၄၈ စတုရန်းပေ ကျယ်ဝန်းမှုရှိပါတယ်။ အဆောက်အဦအားလုံးအတွက် ကိုယ်ပိုင်ကားပါကင်၊ အများသုံးကားပါကင်နဲ့ Promotion Area ၂ ခုနဲ့ရေပန်းဥယျာဉ်တစ်ခု ထည့်သွင်းတည်ဆောက်ထားပါတယ်' ဟု ၎င်းကဆိုသည်။

အဆိုပါ ရုံးခန်းပူးတွဲပါဆိုင်ခန်းများအား မေလတွင်မိတ်ဆက်ပြသရန်စီစဉ်ထားရှိပြီး ဆိုင်ခန်းပေါင်း ၃၀၀ ကျော်ပါဝင်မည့် Fortune Plaza အား ၂၀၁၈ ခုနှစ်ကုန်တွင် ဖွင့်လှစ်နိုင်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။

**မင်းထွဏ်း**





# လာမည့် ၂၀၂၀ ပြည့်နှစ်တွင် ကုန်သေတ္တာ ၂ သန်းခန့်ထိ ရှိလာနိုင်

၂၀၁၅ ခုနှစ်အတွင်းက ရန်ကုန်ဆိပ်ကမ်းများသို့ ကုန်သေတ္တာပေါင်း ၈၉၀,၀၀၀ စီးဝင်ခဲ့ပြီး လာမည့် ၂၀၂၀ ပြည့်နှစ်တွင် ကုန်သေတ္တာပေါင်း ၂ သန်းခန့်ထိဝင်လာနိုင်ကြောင်းကို ဆိပ်ကမ်းအာဏာပိုင်အဖွဲ့က ပြောသည်။

အလားတူ ၂၀၂၅ ခုနှစ်တွင်လည်း ကုန်သေတ္တာပေါင်း လေးသန်းခန့်အထိတိုးလာမည်ကို ခန့်မှန်းထားကြောင်းနှင့် ကြီးမားမည့်အခက်အခဲများကို ဖြေရှင်းရန်ရေကြောင်းမှ တိုက်ရိုက်ကုန်စည်သယ်ယူပို့ဆောင်မှုစနစ်ကို နိုင်ငံတော်တင်ပြထားကြောင်းသိရသည်။

ထို့ပြင် ဆန်၊ ပဲ၊ ပြောင်းအများဆုံးထွက်သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ကုန်သေတ္တာသိုလှောင်ရုံများဆောက်လုပ်ကာ ကုန်သည်များအား သင်္ဘောနောက်တွဲဖြင့် သယ်ဆောင်လာပြီး နိုင်ငံခြားပို့ဆောင်မည့်ကုန်တင်သင်္ဘောသို့ ရေကြောင်းမှပင်တိုက်ရိုက်တင်ဆောင်မည့်စနစ်ကို JICA ၏အကူအညီဖြင့် မန္တလေးတွင်စမ်းသပ်ဆောင်ရွက်နေကြောင်း သိရကာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကုန်သေတ္တာသိုလှောင်ရုံများလိုအပ်ချက်နှင့်အတူ နေရာချထားမှုမမှန်ခြင်း၊ လျှပ်စစ်မီးနှင့်စက်ယန္တရားမပြည့်စုံခြင်းတို့ကို အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဖြေရှင်းနိုင်ရန် ညှိနှိုင်းခဲ့ကြကြောင်းသတင်းရရှိသည်။

**လေးမောင်မောင်**



## စာမူနှင့်သတင်းများ ဖိတ်ခေါ်ပါသည်

စက်မှုအလင်းဂျာနယ်တွင် ထည့်သွင်းဖော်ပြနိုင်ရန်အတွက် နည်းပညာဆိုင်ရာဆောင်းပါးများ၊ ထုတ်လုပ်မှုလုပ်ငန်း အတွေ့အကြုံများ၊ နည်းပညာဆိုင်ရာ Internet သတင်းများ၊ သုတ၊ ရသ၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဟာသစာမူများ၊ ကြော်ငြာများနှင့်စက်ရုံနယ်မြေအလိုက်သတင်းများ၊ သတင်းဓာတ်ပုံများကို ဂျာနယ်တိုက်သို့လည်းကောင်း၊ beaconofindustry@gmail.com သို့လည်းကောင်း ပေးပို့နိုင်ကြောင်းဖိတ်ခေါ်အပ်ပါသည်။ စာမူများပေးပို့ရာတွင် ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း၊ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းဝန်ခံချက်နှင့်အတူ အမည်ရင်း၊ ကလောင်အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန်ဖုန်းနှင့်လိပ်စာတို့ကို ဖော်ပြပေးပို့သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**စက်မှုအလင်းဂျာနယ်**

# မန္တလေး-ပြင်ဦးလွင် ယာဉ်ကြောပိတ်ဆို့မှု လျှော့နည်းရေး လမ်းတိုးချဲ့



မန္တလေး-ပြင်ဦးလွင် အတက် အဆင်းလမ်းပိုင်းတွင် သွားလာမှုများ ပြားသဖြင့် ယာဉ်ကြောပိတ်ဆို့မှု မကြာခဏဖြစ်ပွားခဲ့သဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်ကြောပိတ်ဆို့မှုလျှော့နည်းစေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနကကြီးကြပ်၍ BOT လမ်းပိုင်းတွင် လမ်းဧရိယာတိုးချဲ့ခြင်း၊ ထပ်ပိုးလွှာနိုင်လွန်ကတ္တရာခင်းခြင်း လုပ်ငန်းများအား ၂၀၁၇ ခု နှစ်ဆန်းပိုင်းမှစတင်၍ စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်ခဲ့သည်။

မန္တလေး-ပြင်ဦးလွင်အတက် လမ်းတွင် မူလလမ်းအကျယ် ၂၄ ပေမှ လမ်းနှစ်ဖက် ၁၂ ပေစီချဲ့၍ လမ်းပခုံးသားများ ခင်းကျင်းခဲ့ရာ ၁၈ မိုင်မှ ပြင်ဦးလွင်မြို့ရှောင်လမ်းခွဲ သံမဏိစက်ရုံအထိ ခင်းကျင်းပြီးစီးခဲ့သဖြင့် မန္တလေး-မူဆယ်ပြေးဆွဲသော ခရီးသည်တင်ယာဉ်ကြီးများ၊ ၂၂ ဘီးတွဲကားကြီးများ သွားလာမှုအဆင်ပြေလျက်ရှိသည်။ အဆင်းလမ်းကိုလည်း မူလလမ်းအကျယ် ၂၄ ပေမှ လမ်းနှစ်ဖက် ၁၂ ပေစီချဲ့၍ ထပ်ပိုးလွှာတင်နိုင်လွန်ကတ္တရာခင်းလျက်ရှိရာ မြို့ရှောင်လမ်းခွဲမှ ပြင်စာကျေးရွာအုပ်စု၊ သုံးတောင်ကျေးရွာအထိ ပြီးစီးလျက်ရှိပြီး မိုးရာသီမရောက်မီ လမ်းသားချဲ့ ထပ်ပိုးလွှာခင်းပြီးသော နေရာများ နိုင်လွန်ကတ္တရာခင်းနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

မန္တလေး-ပြင်ဦးလွင် အတက်အဆင်းလမ်းများတွင် လမ်းဧရိယာချဲ့ပြီးသော်လည်း အသွားအလာများသည့်နေ့ကြီးရက်ကြီးများတွင် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားလျက်ရှိရာ လမ်းတံတားကြောင့်မဟုတ်ဘဲ ယာဉ်အသုံးပြုသူများ၏ စည်းကမ်းမဲ့စွာ မောင်းနှင်မှုများ၊ မော်တော်ယာဉ်ကြံ့ခိုင်မှု၊ ကုန်ပစ္စည်းထုပ်ပိုးမှု အားနည်းချက်များကြောင့် ဖြစ်ပွားခဲ့သဖြင့် ယာဉ်အသုံးပြုသူများ၏ ပေါ့ဆမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ခဲ့ပါက အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ (မန္တလေး)**

# လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြင်ဆင်ရန်

**အကြံပြုချက်များ**

- မိမိတို့နေအိမ်အဆောက်အအုံများ၏ ကြံ့ခိုင်မှုကိုစစ်ဆေးပါ။
- လေဒဏ်ခံနိုင်စေရေးအတွက် ကန့်လန့်ဖြတ်ဘေးထောက်တန်းများ၊ နံရံထောက်တန်းများ၊ ဒေါက်တိုင်များကို လိုအပ်သည့်နေရာများတွင် ကျားကန်တပ်ဆင်ပါ။
- မြေဝင်အိမ်တိုင်များအား ချောင်၍လှုပ်နေခြင်းရှိ/မရှိစစ်ဆေးပြီး လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍သိပ်သည်းကျစ်လစ်အောင်မြေကျုပ်ပေးပါ။
- အိမ်၏အတွဲအဆက်ပြုထားသည့်နေရာအားလုံးကို ချောင်ထွက်မနေအောင်လိုအပ်သလို ဆောင်ရွက်ပါ။ (ဥပမာ-မူလီကျပ်ခြင်း၊ သံထပ်ပိုးရိုက်ခြင်း)
- အိမ်အမိုးများကို ခိုင်ခံ့အောင် ပြန်လည်စစ်ဆေးပြင်ဆင်ပါ။ ခေါင်ချုပ်ကန့်လန့်ဖြတ်တန်းများ၊ ရေပြင်ညီချုပ်တန်းများထည့်ပါ။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ငယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက်ကြက်နင်းဖြင့် ခိုင်ခံ့စွာအုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာချည်နှောင်ပါ။
- အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် သွပ်နန်းကြိုးများအသုံးပြု၍ချည်နှောင်ခြင်း၊ လိုအပ်သောနေရာတွင် သံများထပ်မံထပ်ပိုးရိုက်ခြင်း ဆောင်ရွက်ပါ။ ချွတ်ယွင်းနေသော အစိတ်အပိုင်းများကို ပြုပြင်အစားထိုးပါ။
- အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။
- အိမ်များကြံ့ခိုင်မှုမထိခိုက်စေရေးအတွက် ကြမ်းခင်းအောက်တွင် ရေမဝပ်စေရန်ဆောင်ရွက်ထားပါ။

**သတိပြုဆောင်ရွက်ရန်များ**

- လယ်ကွင်း၊ ကွင်းပြင်ထဲနေထိုင်ခြင်းမှ အတတ်နိုင်ဆုံးရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင်နေထိုင်ပါ။
- မဖြစ်မနေ အိမ်ပြင်သို့ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။ မိမိကိုယ်ကို အကာအကွယ်များပြုလုပ်သွားပါ။
- မိုးရွာသွန်းနေစဉ်၊ မိုးခြိမ်းနေစဉ်၊ လျှပ်စီးလက်နေချိန်များတွင် တယ်လီဖုန်းများအသုံးပြုခြင်းရှောင်ကြဉ်ပါ။
- တီဗီ၊ ရေဒီယို၊ လျှပ်စစ်ထမင်းအိုး၊ လျှပ်စစ်မီးပူနှင့်ကွန်ပျူတာစသည့် လျှပ်စစ်နှင့်ဆိုင်သောပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။
- သစ်ပင်၊ ဓာတ်တိုင်နှင့်သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်။
- ရုတ်တရက်တိမ်မည်းလာခြင်း၊ လေပြင်းလာခြင်း၊ မိုးသည်းထန်လာခြင်း၊ မိုးခြိမ်းပြီး အတော်ကြာမှ လျှပ်ပြက်ခြင်း၊ အပူထုထဲတွင် လေအေးများကိုခံစားရခြင်းစသည့် မိုးသီးမုန်တိုင်း၏လက္ခဏာများအား ဂရုပြုပါ။

**ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ**

ပြည်သူလူထုအနေဖြင့် လေပြင်းဘေးအပြင် အခြားသဘာဝဘေးအန္တရာယ်ကြုံတွေ့ပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ အရေးပေါ်ဆက်သွယ်နိုင်ပါသည်-

| | | |
|---|---|---|
| - ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန (ရုံးချုပ်) | - | ၀၆၇-၄၀၄၆၆၆ |
| Hot Line No များ | - | ၀၆၇-၄၀၄၇၇၇ |
| | | ၀၆၇-၄၀၄၂၂၂ |

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# တံခွန်တိုင်အဝိုင်းထိပ်မှ ကျန်စစ်သားလမ်းအထိ ၇၄ လမ်းဖောက်လုပ် အနီးဝန်းကျင်မြေဈေးများ အဆမတန်မြင့်တက်

မန္တလေးမြို့ပြ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရန်ကုန်-မန္တလေးအမြန်လမ်း တံခွန်တိုင်အဝိုင်းအနီးတွင် လုံးချင်းအိမ်ရာများ၊ စီးပွားရေးအဆောက်အအုံများပါဝင်သော မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိပြီး ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးမှ ချမ်းမြေ့ပြည်ယာဉ်ရပ်နားစခန်းသို့ ဝင်/ထွက်သွားလာလေ့ရှိသော အဝေးပြေးခရီးသည်တင်ယာဉ်ကြီးများ ယာဉ်ကြောရှုပ်ထွေးမှုမရှိစေရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့်နယူးစတားလိုက်ကုမ္ပဏီတို့ပူးပေါင်း၍ မန္တလေးမြို့အဝင် ၇၄ လမ်းမကြီးကို တံခွန်တိုင်အဝိုင်းထိပ်မှ ပြည်ကြီးတံခွန်မြို့နယ်၊ ကျန်စစ်သားလမ်းအထိ ဖောက်လုပ်ခဲ့သည်။

ကွန်ကရစ်ခင်း နိုင်လွန်ကတ္တရာလမ်းတည်ဆောက်ပြီးစီးသွားသဖြင့် ပြည်ကြီးတံခွန်မြို့နယ်အတွင်း ယာတော်ရပ်ကွက်၊ ရဲဘော်ကွက်သစ်ရပ်ကွက်၊ (၀၁) ရပ်ကွက်အတွင်းနှင့် ၇၄ လမ်းမကြီး ဝဲယာရပ်ကွက်ရှိ ပေ ၄၀ × ပေ ၆၀ အကွက်များမှာ ကျပ်သိန်း ၄၀၀ ဝန်းကျင်မှ ကျပ်သိန်း ၃,၀၀၀ ကျော်သို့ ဈေးများအဆမတန်မြင့်တက်သွားသည်။ မြို့ပြဖွံ့ဖြိုးရေးဇုန်အတွင်း မြေကွက်များကိုလည်း ကုမ္ပဏီမှဖော်ထုတ်ပြီးမြေကွက် အကျယ်အဝန်း စတုရန်းပေအလိုက် သတ်မှတ်နှုန်းဖြင့် ရောင်းချပေးလျက်ရှိကြောင်းသိရသည်။



**မောင်ပြည်သူ (မန္တလေး)**

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# သာမန်အပူလောင် မီးလောင်ဒဏ်ရာ

ဒေါက်တာလွင်သန့်

**ပထမအဆင့် မီးလောင်ဒဏ်ရာ**၊ အပူလောင်ဒဏ်ရာဟာ အရေပြားရဲ့အပေါ်ဆုံးအလွှာကိုသာ ထိခိုက်ခြင်းဖြစ်တယ်။ **ဒုတိယအဆင့် မီးလောင်ဒဏ်ရာ**က အရည်ကြည်ဖုတွေပေါ်လာပေမယ့် ပျောက်ကင်းတဲ့အခါ အမာရွတ်ထင်ကျန်မနေခဲ့ပါ။ **တတိယအဆင့် မီးလောင်ဒဏ်ရာ**က အရေပြားလွှာတစ်ခုလုံးထိခိုက်စေပြီး အဖြူကွက်တွေဖြစ်ပေါ်စေတယ်။ တတိယအဆင့် မီးလောင်ဒဏ်ရာကို အရေးပေါ်ဆေးကုသမှုလိုအပ်ပြီး ရောဂါပိုးမဝင်ရောက်စေဖို့နဲ့ အမာရွတ်မထင်ကျန်စေဖို့ ဂရုစိုက်ဖို့လိုပါတယ်။

တကယ်လို့ **အက်ဆစ် (သို့) အရေပြားလောင်ကျွမ်း**စေနိုင်တဲ့ ဓာတုဆေးရည်နဲ့အရေပြားထိတွေ့မိရင် ချက်ချင်းရေနဲ့လောင်းချခြင်းက အရေပြားထိခိုက်မှုသက်သာစေတယ်။ ကလေးငယ်ဟာ ဓာတုဆေးရည်တွေသောက်မိခဲ့ရင် အန်အောင်မလုပ်သင့်ပါ။ အစာရေမျိုတစ်လျှောက် လောင်ကျွမ်းနာတွေဖြစ်ပေါ်လာစေနိုင်တယ်။ ဓာတ်ပြယ်စေဖို့ နွားနို့တိုက်ပြီး ဆေးဝါးကုသမှုကိုခံယူသင့်ပါတယ်။



**ရှောင်ရမယ့်အစားအစာ** - အရက်နဲ့သကြားဓာတ်ပါတဲ့ အစားအစာနဲ့အရည်တွေဟာ အနာကျက်မှုနှောင့်နှေးစေတယ်။ ပြုပြင်ထားတဲ့အစားအသောက်တွေမှာ အာဟာရဓာတ်၊ အာဟာရတန်ဖိုးနည်းပါးလို့ ရှောင်ကြဉ်သင့်ပါတယ်။

**စားသုံးသင့်အစာ** - အနာကျက်မြန်စေဖို့၊ အသားနုတက်စေဖို့ အသားဓာတ်ကအရေးကြီးတယ်။ သဘာဝအတိုင်း မွေးမြူထားတဲ့ကြက်သား၊ လတ်ဆတ်တဲ့ငါး၊ ပဲအမျိုးမျိုး၊ ပဲနီလေးနဲ့ အမျိုးအစားကောင်းတဲ့ဒိန်ချဉ်တို့ဟာ အစာကြေလွယ်ပြီး အနာကျက်မြန်စေပါတယ်။

အစေ့အဆန်တွေမှာ မရှိမဖြစ်အဆီဓာတ်နဲ့ဇင့်ဓာတ်ကြွယ်ဝလို့ အနာကျက်မြန်စေတယ်။ ဂျုံစေ့ပင်ပေါက်နဲ့အသီးတို့မှာလည်း ဗီတာမင်အီးကြွယ်ဝလို့ အမာရွတ်ထင်မှုကိုလျှော့စေပြီး အရေပြားကျန်းမာစေတယ်။ လတ်ဆတ်တဲ့အသီးအနှံတွေမှာ သဘာဝကယ်ရိုတင်းဓာတ်တွေပါဝင်ပြီး အနာကျက်မြန်စေတဲ့ ကန်စွန်းဥ၊ ဟင်းနုနယ်၊ ဖရဲသီး၊ သခွားသီး၊ ခါကြက်ဥနဲ့ အစိမ်းရင့်ရောင်ဟင်းသီးဟင်းရွက်များ စားသုံးရမယ်။

**ဆေးဝါးများ** - သဘာဝဗီတာမင်အီး ၅၀၀ အိုင်ယူ တစ်နေ့ ၂ ကြိမ် သောက်သုံးသင့်ပါတယ်။ ဗီတာမင်စီဟာ ကိုလာဂျင်တစ်သျှူးတွေပြန်လည်တည်ဆောက်ရာမှာ အရေးပါအရာရောက်လို့ တစ်နေ့မှာ ၃ ဂရမ်ကို အစာနဲ့စားသင့်ပါတယ်။ ဘိုင်အိုလေနွိုက်ပါတဲ့ဆေးဝါးတွေကို သုံးသင့်တယ်။ အမျိုးအစားကောင်းတဲ့ ဗီတာမင်နဲ့သတ္တုဓာတ်ပါတဲ့ဇင့် (၃၀-၆၀) မီလီဂရမ်ပါတဲ့အားဆေး ဖြည့်စွက်စားရမယ်။ MSM ခေါ် အော်ဂဲနစ်ဆာလ်ဖာဟာ အရောင်သက်သာစေလို့ တစ်နေ့ ၄၀၀ မီလီဂရမ် ၃ ကြိမ်သုံးစွဲရမယ်။

**အကြံပြုချက်** - လိုအပ်ရင် ရေခဲရေမှာနာရီဝက်ခန့်စိမ်ပြီး ခြောက်သွေ့သန့်စင်အောင်ပြုလုပ်ကာ ရှားစောင်းလက်ပတ်ဂျဲလ်ကိုသုတ်လိမ်းသင့်တယ်။ ပျားရည်ပါးပါးသုတ်လိမ်းပြီး သန့်စင်တဲ့ ပိတ်ကျဲစနဲ့ဖုံးအုပ်ရမယ်။ ပျားရည်ဟာ ဘက်တီးရီးယားတွေသေကြေစေပြီး အနာကျက်မြန်စေပါတယ်။ အာလူးကိုပါးပါးလှီးပြီး မီးလောင်နာမှာကပ်ပေးရင် ပိုးမွှားဝင်ရောက်မှုကာကွယ်ပေးပါတယ်။ လာဗင်ဒါအဆီက မီးလောင်နာအတွက် သင့်တော်တယ်။ ဗီတာမင်အီးဆေးလုံးကိုသောက်ပြီး မီးလောင်နာမှာ လိမ်းပေးနိုင်ပါတယ်။ MSM Cream မှာ ဗီတာမင်အီး၊ အေ၊ ရှားစောင်းလက်ပတ်အနှစ်တွေပါဝင်လို့ လိမ်းပေးနိုင်တယ်။ သဘော်သီးအသားဟာ အနာဆွေးဖယ်ရှားပစ်နိုင်တဲ့အာနိသင်ရှိပြီး ပိုးဝင်ရောက်မှုကာကွယ်ပေးတဲ့ အင်ဇိုင်းရှိတယ်။ Calendula Cream ဟာ နာကျင်မှုသက်သာစေပြီး တစ်သျှူးသစ်တည်ဆောက်ပေးတယ်။ ဟိုမီယိုပသီ ၂-၃ ကြိမ်ပေးနိုင်တယ်။

# မီးသတ်ဂုဏ်ရောင်




✱ စေတနာ
ဝါသနာ
အနစ်နာနှင့်
ကြင်နာတရား
ဂရုဏာပွား၍
✱ စိတ်ထားဖြူစွာ
'နာ ငါး နာ' ဖြင့်
မြို့ရွာမီးဘေး လုံခြုံရေး၌
မနွေးမကပ် ဆောင်ရွက်တတ်သည့်
မီးသတ်ရဲဘော် ဇာနည်ကျော်။
✱ ရပ်ရေးရွာရေး လူမှုရေးနှင့်
လေဘေး၊ ရေဘေး၊ ငလျင်ဘေးတွင်
ကိုယ်ရေးမပါ 'နာ ငါး နာ' ဖြင့်
မေတ္တာပြည့်အေး ကယ်ဆယ်ရေး၌
မနွေးမကပ် ဆောင်ရွက်တတ်သည့်
မီးသတ်ရဲဘော် ဇာနည်ကျော်။
✱ အို့….မီးသတ်ရဲဘော် ဇာနည်ကျော်ငဲ့
သင့်ရဲ့စိတ်ထား လွန်မြင့်မား၍
သင့်အားကြည်ဖြူ များပြည်သူနှင့်
ရှင်လူ ရဟန်း ချီးမွမ်းသြဘာ
ဝမ်းပန်းသာ၍ မေတ္တာပို့ကြ
ဂုဏ်ပြုကြနှင့် တမ်းတမျှော်ကြ
အားကိုးကြသည်…..
နေ လ ကြယ်လို့ လင်း၏တည်း။

(၂၀၁၇ ခုနှစ် မေလ ၅ ရက်နေ့
မီးသတ်တပ်ဖွဲ့နေ့သို့ ဂုဏ်ပြုလျက်)

မင်းရွှေမင်း (တောင်ကုတ်)

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့်ထောက်ပံ့သော အမြင့်တင်မီးသတ်စက်များလွှဲပြောင်းပေးအပ်



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ၊ အထပ်မြင့်အဆောက်အဦများ မီးငြိမ်းသတ်ရေးလုပ်ငန်းများအတွက် အမြင့်တင်မီးသတ်စက် High Pressure Pump စုစုပေါင်း (၁၀) လုံးကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဝယ်ယူဖြည့်တင်းပေးခဲ့ရာ ဧပြီလ ၃ ရက်နေ့၊ နေ့လယ် ၂ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင်၊ လှိုင်မြို့နယ်မီးသတ်ဦးစီးဌာန၌ မြို့နယ် ၁၀ မြို့နယ်သို့ လွှဲပြောင်းပေးခဲ့သည်။ လွှဲပြောင်းပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးညွှန်ကြားရေးမှူး ဦးကြည်ဝင်း၊ The Relianee ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးယဉ်ထွေးသက်၊ ဖိတ်ကြားထားသော မြို့နယ်မီးသတ်ဦးစီးမှူးများတက်ရောက်ကြပြီး အမြင့်တင်မီးသတ်စက်ဖြင့် ရေတောင်ခြင်းသရုပ်ပြသခဲ့ကြောင်း သတင်းရရှိသည်။

ရွှေတိုင်လွင်

# စိတ်၏ စေရာ...

## ဝတ္ထုတို

**ယမုံနာ (သန်လျင်)**

ဒေါပုံသဘော်ကျင်း မှတ်တိုင်သို့ ကားမရပ်မီပင် ချည်လွယ်အိတ်အနွမ်းလေးအားလွယ်လျက် မြေပဲလှော်သည် သူငယ်လေးကို လှမ်းတွေ့ရသည်။

ကားရပ်၍ အဆင်းခရီးသည်များဆင်းပြီးသည်နှင့် ဈေးသည်လေးက လိုင်းကားပေါ်တက်၍ 'မြေပဲလှော် ကျွတ်ကျွတ်လေးတွေ တစ်ထုပ်မှတစ်ရာ၊ လေးရာဖိုး ငါးထုပ်' ဟု တကျော်ကျော်အော်ကာ ကားပေါ်တွင်တိုးဝှေ့ကာ ရောင်းချနေတော့သည်။

'ဟေ့ကလေး ငါ့ကိုငါးထုပ်ပေးကွာ' လေးရာဖိုးရောင်းရမည်ကို ထီဆုကြီးပေါက်သည့်အလား ဝင်းပသွားသောမျက်နှာနှင့် ဈေးသည်လေး သူ့အနားချက်ချင်းရောက်လာလျှင် အတောင့်ကြီးမည်ထင်ရသည့် မြေပဲလှော်ထုတ်ငါးထုတ်အား စိတ်ကြိုက်ရွေးယူလိုက်ပြီး ဟောင်းနွမ်း၍စုတ်ပြဲနေသည့် တိပ်ကပ်ထားသော နှစ်ရာတန်နှစ်ရွက်ကို အိတ်ကပ်တွင်းမှရွေးခြယ်ထုတ်ပေးလိုက်သည်။

'ဟေ့မြန်မြန်ဆင်းစမ်းကွာ။ တော်တော်ရှုပ်တဲ့ ကောင်တွေ။ ခမျာ သူပေးသောငွေကိုပင် ဖြန့်၍မကြည့်နိုင်၊ လွယ်အိတ်ထဲထိုးထည့်၍ ဘီးလိမ့်စပြုသောကားပေါ်မှ သုတ်ခနဲခုန်ချကျန်ရစ်တော့၏။ ထိုအခါမှ နှစ်ရာတန်အစုတ်အား ပြန်လဲခိုင်းမည့်အဖြစ်မှကင်းပြီဖြစ်၍ ကိုယမုံနာလည်း စိတ်ထဲပေါ့သွားတော့သည်။

'ဟိုး...ဟိုး ရပ်ပါဦး...ရပ်ပါဦး' ဟူသော စူးစူးရှရှအော်သံ



ကိုယမုံနာလည်း စာမူခရလာသည်ဖြစ်၍ မြေပဲလှော်ကြိုက်သော မိမိသားနှင့်သမီးအား သတိရပြီး နောက်ကားခေါင်းမြင်နေရပြီ၊ မောင်းဆရာ' စပါယ်ယာ၏ အော်ဟစ်ကြိမ်းမောင်းနှင်ချမှုကြောင့် ဈေးသည်လေးကြောင့် ပြတင်းပေါက်မှခေါင်းထွက်အကြည့် မြေပဲလှော်ထုပ်ကြီးအား ပလက်ဖောင်းပေါ်တွင်ချထားလျက် မိမိတို့ကားနောက် အော်ဟစ်၍ အပြေးလိုက်လာသော ဈေးသည်လေးကိုတွေ့ရသည်။


'ဟိုက်' ကိုယမုံနာ ရင်ထဲထိတ်သွားသည်။ မဟုတ်မှလွဲရော မိမိပေးလိုက်သော နှစ်ရာတန်အစုတ်အား အတင်းပြန်လဲတာဖြစ်လိမ့်မည်ဟု တွေးလိုက်မိသည်။ မောကြီးပန်းကြီးပြေးလိုက်လာသော ဈေးသည်လေးက ကားကိုမီသွားပြီး စပါယ်ယာအား 'ဦးလေး...ဦးလေး ကားဘီးမူလီကျွတ်ကျကျန်ခဲ့တယ်။ ဒီမှာ...ဒီမှာ။'

ဒရိုင်ဘာက ကားကိုလမ်းဘေးချရပ်၍ 'ကျေးဇူးတင်တယ်သားရယ်။ ရော့ ရော့ မုန့်ဖိုးယူသွား' ဟု ငါးရာတန်တစ်ရွက်အားထုတ်ပေးပြီး တစ်ဆက်တည်း စပါယ်ယာလူငယ်အား 'မနက်က ကားဘီးလဲကတည်းက မူလီတွေ သေသေချာချာကြပ်ပါဆိုတာ မင်းတော်တော်ပေါ့တီးပေါ့ဆနိုင်တာပဲ' ဆိုကာမာန်မဲပြီး ခရီးသည်များကိုတောင်းပန်၍ ပြုတ်သွားသော မူလီခေါင်းကိုပြန်တပ်ရာ ကျန်မူလီများပါ ချောင်နေသည်ကိုတွေ့သဖြင့် 'ကံကောင်းလို့၊ ကံကောင်းလို့' ဟု မြည်တမ်းနေတော့သည်။

ကိုယမုံနာလည်း ကိုယ့်ကိုယ်ကိုယ်ရှက်စိတ်ဝင်ပြီး ဈေးသည်လေးအား လက်ခုပ်တီးလှမ်းခေါ်ကာ နှစ်ရာတန်နှစ်ရွက်အား ပြန်လဲပေးလိုက်တော့မှ မိမိ၏စိတ်မှာ လန်းဆန်းပေါ့ပါးသွားရပါတော့သည်။

❑

CARTOON



# 'အော်ပီကျယ်' ကို မြန်မာနိုင်ငံကာတွန်းဆရာများအသင်း ဥက္ကဋ္ဌအဖြစ် ရွေးချယ်



ကာတွန်းဆရာကြီး 'အော်ပီကျယ်' ကို မြန်မာနိုင်ငံအတွင်းရှိ ကာတွန်းဆရာများပူးပေါင်းဖွဲ့စည်းထားသော မြန်မာနိုင်ငံကာတွန်းဆရာများအသင်းတွင် ဥက္ကဋ္ဌအဖြစ်ရွေးချယ်တင်မြှောက်ခဲ့ကြောင်း အသင်းဖြစ်မြောက်ရေးကော်မတီထံကသိရသည်။

အသင်း၏ဒုတိယဥက္ကဋ္ဌများအဖြစ် ကာတွန်းဆရာရွှေဝင်းနှင့် ကာတွန်းဆရာနေမျိုးအေးတို့ကိုရွေးချယ်ထားပြီး အတွင်းရေးမှူးများကို ကာတွန်းဆရာမိုးသက်မိုး၊ ရွှေလူနှင့်အောင်မောင်းတို့ကို ရွေးချယ်ခဲ့သည်။ အကျိုးဆောင်စာရင်းစစ်အဖြစ် ဆရာဖေသစ်တည်၊ ပြန်ကြားရေးမှူးအဖြစ် ဆရာဟန်တို့ကို ရွေးချယ်သည်။

အလုပ်အမှုဆောင်များအဖြစ် ကာတွန်းဆရာမောင်မောင်ဖောင်တိန်၊ ဝင်းအောင်၊ စိုးသော်တာ၊ မောင်မောင်၊ ထိန်သာနှင့်သီဟ (စခန်းသစ်) တို့ဖြစ်ကြရာ ဥက္ကဋ္ဌအဖြစ်ရွေးချယ်ခဲ့ရသော ဆရာအော်ပီကျယ်က မူဝါဒနှင့်ပတ်သက်ပြီး ကာတွန်းဆရာတွေချတဲ့မူဝါဒကို အကောင်အထည်ဖော်သွားမည်ဟုပြောသည်။

အဆိုပါအသင်း အလုပ်အမှုဆောင်ရွေးချယ်ပွဲကို မတ်လ ၃၀ ရက်နေ့တွင် ရန်ကုန်မြို့၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးဦးစီးဌာနတွင် ပြုလုပ်ကြပြီး အရွေးချယ်ခံရသည့် အမှုဆောင် ၁၅ ဦးက တံခါးပိတ်ဆွေးနွေးကာ ခေါင်းဆောင်ပိုင်းများကို ထပ်မံရွေးချယ်ကြောင်းသိရကာ ဆွေးနွေးပွဲတွင် ရွေးချယ်ရေးကော်မရှင်ဥက္ကဋ္ဌ ရှေ့နေဦးအောင်စိုးဦးမှဖွဲ့စည်းပုံကို အတည်ပြုပေးခြင်းနှင့်မဲပေးပုံအဆင့်ဆင့်ကိုတင်ပြခဲ့ပြီး တိုင်းနှင့်ပြည်နယ်အားလုံးရှိ ကာတွန်းဆရာ/ဆရာမ ၁၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဟိန်းသူ**

# ချစ်ခြင်းရဲ့ . . . တခြားဘက်မှာ

ဟန်နီဇော်

'တပည့်တော်မ. . . သုမိတ္တာသည်ဖြစ်လေရာ ဘဝတိုင်း၌ သုမေဓာရှင်ရသေ့၏ ပါရမီဖြည့်ဖက်အဖြစ် သံသရာ၌ကျင်လည်ရပါလို၏'

ဒီဆုတောင်းလေးကတစ်ချိန်က ယသော်ဓရာအလောင်းအလျာတောင်းခဲ့တဲ့ ဆုတောင်းစကားသံလေးပါ။ ရင်တွင်းမှသန့်စင်စွာထွက်ပေါ်လာတဲ့ချစ်ခြင်းရဲ့အားက ပြင်းလွန်းလှပါလား။ ဖြစ်လေရာဘဝတိုင်းတဲ့လား။

သတ္တဝါအပေါင်းတို့အား ကယ်တင်လိုသောဆန္ဒ၊ သံသရာဝဋ္ဋဒုက္ခမှ ကယ်တင်လိုတဲ့ဆန္ဒတွေနဲ့ သံသရာမှလွတ်မြောက်နိုင်ပါလျက် သူတစ်ယောက်တည်း မလွတ်မြောက်လိုတဲ့ဖြူစင်ကြီးမြတ်သူ မဟာပုရိသတစ်ဦးကိုမြတ်နိုးတွယ်ငင်ချစ်မိရသည့်ပေးဆပ်မှုက ကြီးလွန်းလှပါလား။ ကပ်ကမ္ဘာပေါင်းများစွာ ပါရမီဖြည့်အနစ်နာခံလျက် သံသရာဒုက္ခတောမှာ ကျင်လည်ရမှာကို သိသိကြီးနဲ့ဆုတောင်းရဲခဲ့တဲ့ ယသော်ဓရာရဲ့ပေးဆပ်မှုချစ်ခြင်းကတော့ ထူးမိဘက သား၊သမီးကိုချစ်တယ်။ ညီအစ်ကိုမောင်နှမအချင်းချင်း ချစ်တယ်။ ယောကျ်ားကိုချစ်တယ်။ မိန်းမကို ချစ်တယ်။ တိရစ္ဆာန်တွေကိုချစ်တယ်။ ဒါကတော့ သက်ရှိကိုချစ်ခြင်းပေါ့။ ရာထူးကို ချစ်တယ်။ ဂုဏ်ပကာသနကို ချစ်တယ်။ ကျော်ကြားမှုကို ချစ်တယ်။ ဒါတွေကလည်းသက်မဲ့ကို ချစ်ခြင်းတွေပါပဲ။

- 'ပေမတော၊ ဇာယတေ၊ သောကော'
  'ချစ်ခြင်းကြောင့် စိုးရိမ်ရသည်။'
- 'ပေမတော၊ ဇာယတေ၊ ဘယံ'
  'ချစ်ခြင်းကြောင့် ဘေးဖြစ်သည်။'
- 'ပေမတော၊ ဝိပ္ပမုတ္တဿ'
  'ချစ်ခြင်းမရှိလျှင်'
- 'နတ္ထိသောကော၊ ကုတောဘယံ'

'စိုးရိမ်ခြင်းလည်းဖြစ်စရာမရှိ၊ ဘေးဆိုတာလည်းဖြစ်စရာမရှိ' တဲ့။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးဟောထားခဲ့တာပါ။ ကိလေသာအနွယ်ဝင်ဖြစ်တဲ့ သံယောဇဉ်သည်လည်းကောင်း၊ ချစ်ခြင်းသည်လည်းကောင်း၊ နွယ်ငင်နှောင်ဖွဲ့တတ်သည့်အတွက် အကုသိုလ်တရားတွေပါပဲ။ ကျွန်မတို့ပုထုဇဉ်လူသားတွေကတော့ ချစ်ခြင်းတရားတွေနဲ့ပဲနေချင်တယ်။ အချစ်မရှိရင်ပဲ ဘဝကခြောက်ကပ်သယောင်၊ အထီးကျန်သယောင် ထင်တတ်ကြပါတယ်။ တကယ်တော့ ကိုယ့်ကိုတကယ်စိတ်ဒုက္ခပေးတာက ကိုယ်ချစ်တဲ့သူတွေပဲဖြစ်နေတတ်ပါတယ်။ ကိုယ်ချစ်တဲ့သူတွေ ကိုယ်ပိုင်ဆိုင်လိုတဲ့အရာတွေကို ကိုယ့်အနားမှာ အမြဲပဲရှိနေစေချင်တယ်။ သူတို့နဲ့အတူထာဝရမခွဲခွာဘဲရှိနေလိုကြတယ်။ ဒါကရော အမြဲဖြစ်နိုင်ပါရဲ့လား။ လောကမှာဘယ်အရာမှ



ဆန်းအံ့ဩလောက်ပါရဲ့။

'ပုရိသယောကျ်ားဘဝ ရရပါလို၏။'၊ 'အရဟတ္တမဂ်ဖိုလ်ချမ်းသာဖြင့် နိဗ္ဗာန်သို့အလျင်အမြန်စံဝင်ရပါလို၏။' ဒါမှမဟုတ်လျှင်လည်း 'ယောကျ်ားဘဝဖြင့် သံသရာ၌ကျင်လည်ပြီး နောက်နောင်သော ပစ္ဆိမဘဝ၌ သမ္မာသမ္ဗုဒ္ဓဘုရားရှင်ဖြစ်ရပါလို၏' စတဲ့သူနှင့်အပြိုင် မြင့်မြတ်သောဆုမျိုးကိုမတောင်းဘဲ၊ သူ၏ပြိုင်ဖက်မဖြစ်လို၊ သူ၏ပါရမီဖြည့်ဖက်သာဖြစ်လိုတဲ့ မိန်းမသားတစ်ဦးရဲ့အချစ်နဲ့ စွန့်လွှတ်အနစ်နာခံမှုကတော့ ပြိုင်စံရှားပါပဲ။

ကျွန်မတို့နေထိုင်ရာ ဤကမ္ဘာလောကကြီးမှာ သူသူကိုယ်ကိုယ် သတ္တဝါဟူသမျှ များပြားလှသောချစ်ခြင်းတို့ဖြင့် နေနေကြပါတယ်။

တည်မြဲခြင်းဆိုတာမရှိလေတော့ တစ်ချိန်မှာ တော့ခွဲခွာခြင်းဆိုတာကလည်း ရှိကိုရှိလာရဦးမှာပဲ။ အဲဒီအချိန်မှာဒီချစ်ခြင်းကြောင့် ပူဆွေးရ၊ ဆင်းရဲရ၊ ပင်ပန်းဆင်းရဲရဦးမှာပါ။ ချစ်ခြင်းကိုလျှော့မှသာ ချစ်ခြင်းကြောင့်ဖြစ်သော ဆင်းရဲတွေလျော့ပါးသွားမှာပါ။

အချစ်နဲ့မကင်းတဲ့ ကျွန်မတို့လူသားတွေအနေနဲ့ တွယ်တာတပ်မက်တဲ့ချစ်ခြင်းတရားတွေကိုလျော့ပါးအောင် ဘယ်လိုနေထိုင်ရမလဲ။

တွယ်တာတပ်မက်တဲ့ ချစ်ခြင်းတွေကနေ မတွယ်တာမတပ်မက်တဲ့ ချစ်ခြင်းတွေအဖြစ် ပြောင်းချစ်ကြရင်ရော။ တကယ်တော့မတွယ်တာမတပ်မက်တဲ့ချစ်ခြင်းဟာ မေတ္တာတရားပါ။ ကိုယ့်အကျိုးအတွက်မမျှော်ကိုးဘဲ သူကောင်းစားရေးအတွက် ဖြည့်ဆည်းဆောင်ရွက်တတ်တာဟာ မေတ္တာတရားရဲ့သင်္ကေတတစ်ခုပါပဲ။ ချစ်ခြင်းရဲ့သဘောက ကိုယ့်အနားမှာသူရှိနေမှဆိုတဲ့ စိတ်ထားရှိပေမယ့် မေတ္တာတရားကတော့ ကိုယ့်အနားမှာသူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ သူအဆင်ပြေတယ်၊ ပျော်ရွှင်တယ်ကြားရရင်ပဲ ကိုယ့်ရဲ့စိတ်ထဲမှာကြည်နူးကျေနပ်တဲ့သဘောပါပဲ။ ကိုယ်ပိုင်ဆိုင်တဲ့သက်ရှိ၊ သက်မဲ့ဘယ်အရာကိုမဆို ကိုယ်နဲ့အတူရှိနေစဉ်မှာ သူစိတ်ချမ်းသာဖို့၊ အဆင်ပြေဖို့၊ အတတ်နိုင်ဆုံးဆောင်ရွက်ပေးခဲ့ပြီး သူတို့နဲ့ခွဲခွာရမယ့်အချိန်ရောက်ရင်လည်း ငါအတတ်နိုင်ဆုံးတာဝန်ကျေအောင် လုပ်ဆောင်ပေးခဲ့တာပဲဆိုတဲ့ နောင်တကင်းတဲ့၊ ဝမ်းမနည်းတဲ့ ဥပေက္ခာစိတ်မျိုးဖြစ်အောင်လည်း နှလုံးသွင်းဆင်ခြင်ရမှာပါ။

တကယ်တော့လူ့ဘဝဆိုတာ ခဏလေးရယ်ပါ။ ကိုယ်ချစ်တဲ့သူတွေနဲ့ပတ်သက်လာရင် သဘောထားမှန်မှန်နဲ့ သောကတွေနည်းအောင်၊ စိတ်ဆင်းရဲမှုတွေနည်းအောင် ကြိုးစားရမှာပါပဲ။ ကိုယ်ကိုယ်တိုင်တောင်မမြဲတာ၊ ကိုယ်ချစ်တဲ့သူတွေလည်း မမြဲဘူးလို့ မကြာခဏနှလုံးသွင်းဆင်ခြင်ဖြစ်ကြရင် ရင်ထဲကအပူသောကတွေလည်း ထိုက်သင့်သလောက်ငြိမ်းအေးကြမယ်လို့ထင်ပါတယ်။ ချစ်ခြင်းရဲ့တခြားဘက်မှာ ချစ်ခြင်းပဲရှိတယ်ဆိုရင်တောင် အဲဒီချစ်ခြင်းတွေကို အေးမြတဲ့မေတ္တာတရားနဲ့ပေါင်းစပ်အသွင်ပြောင်းပြီး ဘဝခရီးကိုရှေ့ဆက်ကြမယ်ဆိုရင်. . .။

# ဆရာကြီး ဦးဘသစ်၏ မွေးနေ့အထိမ်းအမှတ် ပန်းချီဒီဇိုင်းပြပွဲကျင်းပ



ပန်းချီဒီဇိုင်းဆရာကြီး ဦးဘသစ်၏ အသက် (၁၀၁) နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် ဆရာကြီးကိုယ်တိုင်ရေးဆွဲခဲ့သည့် ပန်းချီဒီဇိုင်းများပြပွဲဖွင့်ပွဲအခမ်းအနားကို ဧပြီလ ၂၀ ရက်နေ့၊ နံနက် ၁၀ နာရီက ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ 'နှင်းဆီမြိုင်' ပန်းချီပြခန်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ရုပ်ရှင်၊ ဂီတအစည်းအရုံးနာယက စွယ်စုံဂီတပညာရှင် စည်သူဒေါက်တာဘိုကလေးတင့်အောင်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ စာရေးဆရာဒါရိုက်တာဦးဝင်းဖေ၊ ဒါရိုက်တာဦးအောင်မြင့်မြတ်၊ ပန်းချီဦးမြဟန်၊ ပန်းချီဦးလှတင်ထွန်း၊ တေးရေးပုဏ္ဏကနှင့် ရုပ်ရှင်မင်းသားကြီးဦးအောင်လွင်တို့က ဂုဏ်ပြုစကားနှင့်အမှတ်တရစကားများအသီးသီးပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယကနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဂီတအစည်းအရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရုပ်ရှင်၊ ဂီတစာပေနယ်ပယ်မှ အနုပညာရှင်များတက်ရောက်ခဲ့ကြပြီး ဆရာကြီးဦးဘသစ်ရေးဆွဲခဲ့သည့် ဂန္ထဝင်မှတ်တမ်းပြု ပန်းချီဒီဇိုင်းလက်ရာများအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။ အဆိုပါပြပွဲကြီးအား ဧပြီလ ၂၀ ရက်နေ့မှ ၂၂ ရက်နေ့အထိ သုံးရက်ကြာခင်းကျင်းပြသခဲ့ကြောင်း သိရသည်။ **မင်းထွဏ်း**

# သင်္ကြန်ကာလအပြီး ကျောက်စိမ်းဈေးကွက်အေးပြီး ဈေးကျဆင်း

မဟာသင်္ကြန်ကာလအပြီး မန္တလေးမဟာအောင်မြေမြို့နယ်ရှိ ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းတွင် လက်ကောက်၊ လွှာချပ်၊ ပုတီး ပြုလုပ်ရန်လာရောက်ဝယ်ယူကြသော ပြည်တွင်းကျောက်စိမ်းအချောထည်လုပ်ငန်းပြုလုပ်သူများသာ လာရောက်ကြပြီး ကုန်ကြမ်းကျောက်စိမ်းအရိုင်းများသာ ဝယ်ယူမှုရှိသည်။ မဟာသင်္ကြန်ကာလ ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်း ပိတ်သဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် တရုတ် (တိုင်ပေ) ကျောက်စိမ်းအချောထည်ဝယ်လက်များ၊ ကျောက်စိမ်းအပွင့်၊ လက်ကောက်ဝယ်လက်များ နေရပ်သို့ခေတ္တပြန်သွားကြသဖြင့် ဈေးကွက်အေးလျက်ရှိသည်။



မဟာအောင်မြေမြို့နယ်၊ ၈၇ လမ်း၊ ၃၈ လမ်းနှင့် ၃၉ လမ်းကြားရှိ အတစ်စဝိုင်း၊ လွှာချပ်ဝိုင်း၊ ခဲဝိုင်း၊ ဂွင်းဝိုင်းတို့တွင်လည်း ဖားကန့်ဒေသမှော်များမှ ကျောက်စိမ်းအကြမ်းထည်များ မရောက်ရှိခြင်းကြောင့် ရောင်းချမှုနည်းပါးပြီး အရောင်းအဝယ်အေးစက်နေသည်။ သင်္ကြန်အပြီး တရုတ်ငွေဈေး အတက်အကျမရှိသော်လည်း ငွေဖော်လိုသူများ ပြည်တွင်းကျောက်စိမ်းဝယ်လက်များထံ လျော့ဈေးဖြင့်ရောင်းချနေရသည်။ ကျောက်မျက်ရတနာဈေးပတ်လည်ရှိ သွေးခုံ၊ ဖြတ်ခုံလုပ်ငန်းရှင်များလည်း လုပ်သားများနေရပ်သို့ပြန်နေကြသဖြင့် လုပ်ငန်းများအေးလျက်ရှိကြောင်းသိရသည်။

**မောင်ပြည်သူ (မန္တလေး)**

# မြန်မာ့စာတိုက်လုပ်ငန်းမှ စာလက်ခံပေးပို့ခြင်းနှင့်ပစ္စည်းများမှာယူခြင်း ဝန်ဆောင်မှုတိုးချဲ့

မြန်မာ့စာတိုက်လုပ်ငန်း၊ မန္တလေးစာတိုက်ကြီးမှ ပြည်တွင်းပြည်ပချောစာ၊ ချောထုတ်များ လက်ခံပေးပို့ခြင်း၊ ဝေခြင်း၊ အမြန်ငွေပို့လွှာများ လက်ခံပေးပို့ခြင်းတို့ကို အထူးသက်သာသောနှုန်းထားခြင်း အမြန်ဆုံးလုံခြုံစိတ်ချရသော လမ်းကြောင်းများအသုံးပြု၍ အကောင်းဆုံးဝန်ဆောင်မှုဆောင်ရွက်ပေးလျက်ရှိသည်။



မန္တလေးစာတိုက်ကြီး၏ ၂၀၁၇ ခုနှစ် အထူးဝန်ဆောင်မှုအဖြစ် ဒေသထွက်ကုန်များ မှာယူပေးပို့ခြင်း (Home-town Product Deliver) ဝန်ဆောင်မှုအသစ်ကို မန္တလေးမြို့ တွင်းငါးမြို့နယ်၊ ရန်ကုန်မြို့တွင်းခြောက်မြို့နယ်၊ ပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့ကြီးများနှင့်ခရိုင်မြို့များတွင် ဆောင်ရွက်ပေးလျက်ရှိသည်။ မန္တလေးထွက်ကုန်ပစ္စည်းမှာယူလိုသူများသည် မန္တလေးစာတိုက်ကြီး ဖုန်း-၀၂-၂၃၄၀၀၊ ၀၂-၃၅၀၉၉ သို့ဆက်သွယ်နိုင်ပြီး လူကြီးမင်း၏ နေအိမ်သို့ ယနေ့ပို့ မနက်ဖြန်ရောက်၊ ရန်ကုန်နှင့် တိုင်းဒေသကြီးမြို့များသို့ ယနေ့ပို့ သဘက်ခါရောက်စနစ်ဖြင့် ဆောင်ရွက်နိုင်ပြီး ပစ္စည်းများမှာယူခြင်းအတွက် ကျသင့်ငွေကိုကြိုတင်ပေးချေရန်မလိုအပ်ဘဲ ပစ္စည်းလက်ခံရရှိသည့်အခါမှသာ ပစ္စည်းတန်ဖိုးနှင့်အမြန်ချောပို့ခကို ပေးချေရမည်ဖြစ်သည်။

မန္တလေးမြို့မှ ဒေသထွက်ကုန် ထိုးမုန့်၊ ပဲလမုန့်၊ သကြားလမုန့်၊ လက်ဖက်၊ ဝက်အူချောင်း၊ သနပ်ခါး တို့ မှာယူနိုင်ပြီး ညောင်ဦးမှပုန်းရည်ကြီး၊ မြင်းခြံမှကုလားပဲမုန့်၊ သရက်သီးဆီစိမ်၊ ပေါက်ပေါက်ဆုပ်၊ ပျော်ဘွယ်မှမုန့်ကြွပ်၊ ရမည်းသင်းမှမုန့်သြဇာ၊ မိုးကုတ်မှကိုးကန့်လက်ဖက်ခြောက်နှင့်လက်ဖက်၊ ပြင်ဦးလွင်မှ မက်မန်းသီး၊ မက်မန်းတော်ဖီ၊ ဆားချိုသီးစသည့် ဒေသထွက်ကုန်များအား မှာယူနိုင်ကြောင်းသိရသည်။

**မောင်ပြည်သူ (မန္တလေး)**

# မန္တလေးဆိုင်ကယ်ဈေးကွက်အေးပြီး ဈေးနှုန်းတည်ငြိမ်

မန္တလေးဆိုင်ကယ်ဈေးကွက်တွင် သင်္ကြန်အပြီးကာလ အရောင်းအဝယ်များအေးလျက်ရှိပြီး ဈေးနှုန်းများတည်ငြိမ်နေသည်။ နောက်ဆုံးဝင်ရောက်သော မော်ဒယ်သစ်ဆိုင်ကယ်များ အရောင်းအဝယ်သွက်လျက်ရှိသည်။ အော်တိုဂီယာ၊ ကလစ်ဆိုင်ကယ်များ၊ Scoopy ဆိုင်ကယ်များ၊ Fino ဆိုင်ကယ်များ၊ အိန္ဒိယနိုင်ငံထုတ် အမျိုးသားစီး FZ ဆိုင်ကယ်များမှာ လူငယ်ကြိုက်အမျိုးအစားဖြစ်သောကြောင့် အရောင်းအဝယ်ကောင်းမွန်ကြောင်း မဟာအောင်မြေ မြို့နယ်၊ ၈၂ လမ်းနှင့် ၃၇ လမ်းထောင့် ဆိုင်ကယ်ဈေးကွယ်မှ သိရသည်။

မန္တလေးမြို့သို့ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့မှ ဆိုင်ကယ်များဝင်ရောက်လျက်ရှိရာ ထိုင်းနိုင်ငံထုတ် အော်တိုဂီယာ Click ဆိုင်ကယ်များမှာ ငွေကျပ် ၂၂ သိန်းခန့်၊ ထိုင်းတစ်ပတ်ရစ် Click ဆိုင်ကယ်များမှာ ငွေကျပ် ၁၅ သိန်းခန့်၊ Scoopy အမျိုးအစားဆိုင်ကယ်များမှာ ၁၆ သိန်းခန့်၊ အိန္ဒိယနိုင်ငံထုတ် TVS အမျိုးအစား Click ဆိုင်ကယ်များမှာ ငွေကျပ် ၁၂ သိန်းခန့်၊ အိန္ဒိယဒလက် ၁၁၀ စီစီအကြမ်းခံဆိုင်ကယ်များမှာ ကျပ် ၉ သိန်းခန့်၊ တရုတ်နိုင်ငံထုတ် Click ဆိုင်ကယ်များမှာ ကျပ် ၈ သိန်းခန့်၊ ၁၂၅ စီစီ ရုပ်ဆိုးဆိုင်ကယ်များမှာ ကျပ် ၆ သိန်းခန့်၊ စီဇက်အိုင်ဆိုင်ကယ်များမှာ ကျပ် ၄ သိန်းခွဲခန့်ရှိသည်။ တရုတ်နိုင်ငံ နာမည်ကြီးလော့ဂျားဆိုင်ကယ်များလည်း ဈေးကွက်ဝင်ရောက်ပြီး ကျပ် ၆သိန်းခန့်ရှိသည်။ ဂျာလင်းဆိုင်ကယ်များလည်း ဈေးကွက်ဝင်ရောက်ပြီး ကုမ္ပဏီများနှင့်မဟာအောင်မြေမြို့နယ်၊ ၃၅ လမ်းနှင့် လမ်း ၉၀ ထောင့်ရှိ မန္တလေးတိုင်းဒေသကြီး အစိုးရဝန်ထမ်းပေါင်းစုံသမဝါယမအသင်းတို့မှ တရုတ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံထုတ် ဆိုင်ကယ်များအား ၁၂ လအရစ်ကျစနစ်ဖြင့် ဝန်ထမ်းများနှင့် ပြည်သူများအား ရောင်းချပေးလျက်ရှိသည်။ ဂျပန်နိုင်ငံမှလည်း YAMAHA အမျိုးအစား အမျိုးသားစီးဆိုင်ကယ်များ၊ အီတလီနိုင်ငံမှ အမျိုးသားစီးဆိုင်ကယ်များ ဝင်ရောက်လျက်ရှိရာ ကျပ်သိန်း ၉၀ ဝန်းကျင်ရှိသဖြင့် အထက်တန်းလွှာ လူငယ်များသာ ဝယ်ယူနိုင်ကြောင်း သိရသည်။

**သီဟကိုကို (မန္တလေး)**






စက်မှုအလင်းဂျာနယ် Beacon of Industry Journal

# ကျွန်တော်နှင့်လေသံ



ရပ်ကွက်အတွင်း မြောက်ဖက်အိမ်က အပျိုမ ယနေ့မင်္ဂလာဆောင်သည်။ သူမင်္ဂလာဆောင်သည်က ဘာမျှပြောစရာမရှိ၊ သူ့ကိစ္စသူဆောင်ရွက်ခြင်းသာ။ ပြောစရာရှိသည်က လော်ကီစ္စဖြစ်သည်။ မင်္ဂလာဆောင်ဧည့်ခံပွဲကို ယနေ့နံနက် ၇ နာရီမှ ၁၂ နာရီအထိ ရပ်ကွက်တွင်းသူ့အိမ်ရှေ့လမ်းပေါ် မဏ္ဍပ်ထိုး၍ကျင်းပသည်။ ဧည့်ခံပွဲမတိုင်မီ ၁ ရက်အလို မနေ့က နေ့လယ်ပိုင်းမှစပြီး အရပ်အခေါ် လော်၊ အသံချဲ့စက်ကို အစွမ်းကုန်ဖွင့်သည်ကနားမခံသာ၊ မြို့စည်ပင်သာယာနယ်နိမိတ်အတွင်း ပါဝင်နေသော်လည်း ကျွန်ုပ်တို့နေထိုင်ရာရပ်ကွက်ကား တောဝလေ့မပျောက်သေး။ မင်္ဂလာဆောင်၊ အလှူ၊ သာရေး၊ နာရေးကိစ္စတို့တွင် လော်မပါလျှင်မပြီး၊ လော်ပါမှပြီး၏။ ထိုလော်ကိုဖွင့်သော် တိုးတိုးသက်သာမရှိ၊ အရှေ့ ၇ ရွာ၊ အနောက် ၇ ရွာ ကြားအောင်ဖွင့်သည်။ တော်တန်ရုံကျန်းမာရေးမကောင်းသော် ထိုလော်သံကြောင့် အသက်ထွက်သွားနိုင်သည်။ ထိုလော်ကိုကိုင်တွယ်သော လော်စက်ဆရာသည်လည်းကောင်း၊ ရပ်ကွက်နေပြည်သူတို့သည်လည်းကောင်း၊ ထိုရပ်ကွက်ကိုအပိုင်စားထားသော ရပ်ကွက်အုပ်ချုပ်ရေးမှူးဆိုသူသည်လည်းကောင်း၊ လော်ဥပဒေဆိုသည်ကို ကြားဖူးဟန်ပင်မတူ၊ မည်သူ့ကိုမှလည်း အားမနာ၊ မင်္ဂလာဆောင်မြန်းသော အပျိုမ၏နေအိမ်တွင်ပင်အသက် ၇၀ ကျော် အပျိုမ၏အဖွား၊ ထိုအိမ်၏မြောက်ဖက်ခြံကပ်လျက်တွင် ၂ လသားအရွယ်ကလေးငယ်တို့နေထိုင်ကြသည်။ ထိုအမယ်အို၊ ကလေးပေါက်စတို့မည်သို့နေထိုင်ကြသည်မသိ၊ ကျွန်ုပ်တို့မိသားစုမှာကား ထိုလော်သံကို မည်သို့မျှမခံစားနိုင်၊ ဖွင့်နေသော တေးသံသာများကလည်းဘာတွေမှန်း ကျွန်ုပ်နားမလည်၊ ၁၀ နှစ်အရွယ် သမီးတော်က အဲဒါသင်္ကြန်သီချင်းတွေဖေဖေဟုဘာသာပြန်ပေးလေသည်။ မင်္ဂလာဆွမ်းကျွေးရန် သံဃာ‌ငါးပါးစာကုန်ကျစရိတ်ကို မိန်းကလေးရှင်နှင့်ယောကျ်ားလေးနှစ်ဖက်ဆွေမျိုးတို့ သူပေးနိုးနိုး အငြင်းပွားနေချိန် ထိုလော်ငှားခ ကျပ်ငါးသောင်းခန့်ကို မိန်းကလေးရှင်ကပြုံးပြုံးကြီးပေးသွားကြောင်း ခိုင်လုံသောအတွင်းသတင်းများအရ တိတိကျကျသိရသည်။ ထိုလော်စက်ဆရာ၏ ပစ္စည်းကိရိယာများကို တစေ့တစောင်းလေ့လာသော် လော်ခေါ် အော်လံက (၂) လုံး၊ တစ်လုံးက ကျွန်ုပ်နေထိုင်ရာခြံ၏ အရှေ့တောင်အရပ် ဗန်ဒါပင်ထိပ်ဖျားတွင် အရှေ့အရပ်သို့လှည့်လျက်၊ နောက်တစ်လုံးကား ခြံအနောက်တောင်ထောင့်အရပ် မန်ကျည်းပင်ထိပ်ဖျားတွင် အနောက်အရပ်သို့ဦးတည်လျက် ကျွန်းသေတ္တာကြီးကြီးအရွယ်ရှိ ဆောင်းဘောက်ခေါ်အသံသေတ္တာများက (၈) လုံး၊ လမ်းပေါ်တွင် တောင်အရပ်သို့ မျက်နှာပြုလျက်၊ လော်စက်ဆရာကား သူ့စက်ကိရိယာများအသံမကျယ်ဟုအပြောခံရမှာ စိုးရိမ်လေသလားမသိ၊ အကျယ်ဆုံးဖွင့်၍ အစွမ်းပြလေတော့သည်။ ထိုလော်များဖွင့်နေချိန်အတွင်းမနေ့ညနေက မြို့တွင်လေပြင်းအနည်းငယ်တိုက်ခတ်လေရာ ဓာတ်အားပြတ်တောက်သဖြင့် လော်သံရပ်သွားသည်။ မီးပြန်မလာပါစေနှင့်ဆုတောင်းသော်လည်း ထိုဆုတောင်းကားမပြည့်။ အလိုက်ကန်းဆိုးမသိစွာ တစ်နာရီခန့်အကြာတွင် မီးပြန်လာသည်။ မီးပြန်လာသော် ထိုလော်ကိုပြန်ဖွင့်သည်။ အိမ်ကရေချိုးခန်းထဲဝင်နေသော် နားငြီးသက်သာကြောင်းသမီးဖြစ်သူက စေတနာဖြင့်အကြံပြုလာသည်။ သို့သော်ရေချိုးခန်းအတွင်းမှာလည်း ကြာကြာမနေနိုင်၊ ချွေးပြန်လာသည်။ အိမ်ရှင်မက မြို့ထဲဆွေမျိုးများအိမ်သွားအိပ်ဖို့အကြံပေးပြန်သည်။ အမျိုးများကို အားနာသဖြင့် မသွားဖြစ်၊ မနေ့ညကတော့ ည ၉ နာရီခွဲခန့်တွင် လော်ကိစ္စပြီးသွားသည်။ အားရဝမ်းသာနှင့်အိပ်စက်လိုက်သော်လည်း ယနေ့မနက် ၃ နာရီခွဲမှစတင်ပြီး လော်စွမ်းပြလေတော့သည်။ မနက်မိုးမလင်းမီ လော်မှ 'မင်္ဂလာရှိစေသော်၊ မင်္ဂလာရှိစေသော်' ဟု အထပ်ထပ်အော်နေသော်လည်း တစ်စက်မျှမင်္ဂလာမရှိ၊ ခဏနေသော် 'အခါသော် ဟော်. . . ဟော်' ဟု အသံပြု၏။ ဘယ်လိုမှ ခံစား၍မရ၊ မတတ်နိုင်၊ ရွှေမန်းတင်မောင်၏ 'မင်းတို့ကိုလည်း အပြစ်မမြင်၊ မောင်တင် ကိုယ့်ကိုကိုယ်ပင်သနား ဟား . . . ဟား'၊ နီးစပ်ရာမိတ်ဆွေများကမူ ထိုကျွန်ုပ်တို့ရပ်ကွက်တွင်သာမဟုတ် မြို့တွင်းအခြားသောရပ်ကွက်များတွင်လည်း ထိုနည်းနှင်နှင်ဖြစ်ကြောင်း ဖြောင်းဖျကြသည်။ အမုန်းခံ၍သွားပြောသော်လည်း ရအုံ့မထင်၊ အိမ်နီးချင်းအချင်းချင်းအမုန်းပွားဖွယ်ရာသာရှိတော့သည်။ ဒီတော့လည်း မတတ်နိုင်၊ ဝဋ်ရှိသရွေ့ ခံလိုက်ပေတော့။ 'မြန်မာပြည်တွင် အမြစ်တွယ်လျက်ရှိသော လော်ယဉ်ကျေးမှုအမြန်ဆုံး ကျဆုံးပါစေသား. . .' ဟု လော်သံကြားက ကျွန်ုပ်၏ဆုတောင်းစကားက တိုးတိုးလျလျ။

**ညွန့်ဇော် (Skynet)**

## မင်္ဂလာဈေးမှ KTV နှင့် Club များ အားလုံးပိတ်သိမ်း

ရန်ကုန်မြို့ မင်္ဂလာဈေးရှိ KTV နှင့် Club များအားလုံးကို ဧပြီလ ၁၄ ရက်နေ့ကစတင်ကာ ပိတ်သိမ်းလိုက်ပြီဖြစ်ကြောင်း သိရသည်။

Channel V မှ မန်နေဂျာကိုဖုန်းက 'သင်္ကြန်အကျနေ့က စပြီးပိတ်လိုက်တယ်။ ပြောင်းရွှေ့ဖို့ကိစ္စကတော့ နောက်မှသေချာသိရမယ်' ဟု ပြောကြားခဲ့သည်။ ထိုသို့ပိတ်ခိုင်းခြင်းသည် မတရားဘူးဟုလည်း အဆိုပါဖျော်ဖြေရေး Club များ၏တာဝန်ရှိသူများက ဆိုသည်။

Asia Entertainment က မန်နေဂျာကိုအေးလွင်က 'ကျွန်တော်တို့အားလုံးမှာ ဖျော်ဖြေရေးလိုင်စင်တွေရှိပါတယ်။ နိုင်ငံတော်ကိုလည်း တရားဝင်အခွန်ဆောင်ပါတယ်။ စာချုပ်နဲ့ငှားရမ်းပြီး စည်းကမ်းမဖောက်ခဲ့ပါဘူး။ ဒါပေမဲ့ အကြောင်းပြချက် ခိုင်ခိုင်လုံလုံမရှိဘဲ ကျွန်တော်တို့ကို သက်ဆိုင်ရာကနေ ဖယ်ခိုင်းပါတယ်' ဟုပြောကြားခဲ့သည်။ ပြောင်းရွှေ့ဖို့ ပထမဆုံးပို့သည့်စာတွင် လက်မှတ်၊ တံဆိပ်တုံး စသည်တို့မပါခဲ့သလို တိတိကျကျ ရှင်းလင်းပြောကြားခဲ့ခြင်းမရှိကြောင်း Club တာဝန်ခံများကပြောသည်။

၎င်းဈေးဝင်းထဲတွင် စီးပွားရေးစင်တာဆောက်ဖို့အတွက် ဖယ်ရှားပေးဖို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနက စာပို့ခဲ့ဖြစ်ကြောင်းသိရသည်။ ရန်ကုန်မြို့၏လက်ကားဈေးများရှိသော မင်္ဂလာဈေးဝန်းထဲက ဖျော်ဖြေရေး Club များသည် ရန်ကုန်မြို့တော်ဝန် လေးဆက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါဖျော်ဖြေရေး Club များကဆိုသည်။ အဆိုပါ မင်္ဂလာဈေးအတွင်းရှိ တည်းခိုခန်းများနှင့် ဟိုတယ်များရှိနေသော်လည်း KTV နှင့် Club ၇ ခုကိုပဲ ဖယ်ရှားခိုင်းခဲ့ရခြင်းဖြစ်ကြောင်း ၎င်းတို့ကဆိုသည်။

**မြင့်မြတ်အောင်မြင်**

## ရဲတပ်ဖွဲ့ဝင်များ သင်္ကြန်ပွဲတော်ကာလအတွင်း အချိန်ပြည့်လုံခြုံရေးဆောင်ရွက်ပေးခဲ့

မဟာသင်္ကြန်ပွဲတော်ကာလအတွင်း အများပြည်သူရေကစားသူများပိုမိုများပြားစည်ကားလာသဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ရေကစားနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ လုံခြုံရေးဆောင်ရွက်ပေးမှုကို အချိန်ပြည့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အများပြည်သူ ပျော်ရွှင်စွာရေကစားရာတွင် စိတ်အနှောင့်အယှက်မဖြစ်စေရန် ဘေးအန္တရာယ်ဖြစ်စေသော တုတ်များ၊ ပုလင်းခွံများကို ရေပက်ခံ မော်တော်ယာဉ်များပေါ်တွင် သိုဝှက်ယူဆောင်လာခြင်း မရှိစေရေးအတွက် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များက အချိန်ပြည့်စစ်ဆေးကြပ်မတ်လျက်ရှိသည့်အပြင် လူစည်ကားသည့် ရေကစားမဏ္ဍပ်များ၊ အပန်းဖြေအနားယူသည့်နေရာများတွင်လည်း ရဲတပ်ဖွဲ့ဝင်များအင်အားအပြည့်ဖြင့် လုံခြုံရေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ထို့အပြင် မြို့နယ်၊ ရပ်ကွက်များအတွင်း လုံခြုံအေးချမ်းမှုရှိစေရေးအတွက် မော်တော်ယာဉ်လှည့်ကင်း၊ ဆိုင်ကယ်လှည့်ကင်းနှင့် စက်ဘီးလှည့်ကင်းများဖြင့်လည်း စိုးမိုးဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် သင်္ကြန်ပွဲတော်ကာလတစ်လျှောက်လုံးတွင် ရေကစားသူများ၏အခက်အခဲပြဿနာများကို ကူညီဖြေရှင်းဆောင်ရွက်လျက်ရှိသည့်အပြင် ဘေးကင်းလုံခြုံမှုရှိစေရေးကိုလည်း စစ်ဆေးကြပ်မတ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်မြတ်အောင်မြင်**

# ထိုင်းနိုင်ငံသို့ လေ့လာရေးခရီး

တင်ဦး (ဟုမ္မလင်း)

ရန်ကုန်မြို့ရှိ ဆူးလေဘုရားဆိုလျှင် ကပ်ကျော်ဘုရားဟုအချို့ကသတ်မှတ်ကြသလို နေပြည်တော်ရှိ လေးကျွန်းမဏ္ဍိုင်စေတီတော်ကလည်း ကပ်ကျော်ဘုရားလို့ဆိုရမှာပါ။ ဘာကြောင့်လဲဆိုတော့ ဘုရားနားက ကပ်ကပ်ပြီးကျော်ကျော်သွားနေကြတယ်။ အကြောင်းအမျိုးမျိုးကြောင့် ဝင်ရောက်ဖူးမြော်နိုင်ခြင်း မရှိကြလို့ပါ။ ထို့အတူပဲ ထိုင်းနိုင်ငံကလည်း ကျွန်တော့်အဖို့ ကပ်ကျော်နိုင်ငံဖြစ်ပါတယ်။ အိန္ဒိယနှင့်တရုတ်နိုင်ငံသို့တာဝန်အရ ပထမအကြိမ်သွားခဲ့စဉ်က အသွား (သို့) အပြန်မှာ ထိုင်းနိုင်ငံလေဆိပ်မှာခေတ္တဝင်ရောက်ခြင်း Transit ပြုလုပ်ခဲ့ပါ တယ်။ ထို့အတူ ကိုးရီးယား၊ ဂျပန်၊ တူရကီနိုင်ငံသို့ သွားရောက်ရာတွင်လည်း အသွားအပြန် Transit ပြုလုပ်ခဲ့ရပါတယ်။ ထိုင်းနိုင်ငံထဲသို့ ဝင်ရောက်နိုင်ခြင်းမရှိပါ။ ယခုနောက်ဆုံးတော့ ၁၅-၃-၂၀၁၇မှ ၁၆-၃-၂၀၁၇နေ့ တစ်ညအိပ်နှစ်ရက်ခရီးစဉ်အဖြစ် ထိုင်းနိုင်ငံသို့ရောက်ရှိခဲ့ပါတယ်။

ခရီးစဉ်မှာ စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း မှ အထွေထွေမန်နေဂျာ ဦးတင်ဦး၊ စက်မှုဝန်ကြီးဌာန ဝန်ကြီးရုံးမှ လက်ထောက်အတွင်းဝန် ဦးအောင်စိုးရ၊ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်ကျော်၊ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်နိုင်ဦးတို့ဖြင့် ဌာနဆိုင်ရာ (၇) ဦးနှင့် JICA, JETRO, ပြင်ပအဖွဲ့အစည်းဝင် (၄) ဦး၊ စုစုပေါင်း (၁၁) ဦး ပါဝင်ခဲ့ကြပါတယ်။

၁၅-၃-၂၀၁၇ရက်နေ့ နံနက် ၆း၃၀ နာရီမှာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဟောင်းမှာ အဖွဲ့ဝင်တွေစုစည်းပြီး နံနက် ၈ နာရီတွင် လေယာဉ်ပျံသန်းကာ ဘန်ကောက် (ဒိုမောင်း) လေဆိပ်သို့ ၉း၄၅ နာရီမှာ ရောက်ရှိခဲ့ပါတယ်။ ဒိုမောင်းလေဆိပ်မှာ လိုအပ်သည်များဆောင်ရွက်ပြီး ၁၀ နာရီမှာ လေဆိပ်မှဘတ်စ်ကားဖြင့် နေ့လယ်စာစားမည့် Chonburi Province သို့ထွက်ခွာလာရာ ၁၂း၃၀ နာရီတွင်ရောက်ရှိပြီး နေ့လယ်စာဘူဖေးစားသောက်ကြပါတယ်။ ၁၃း၀၀ နာရီမှာပြန်ထွက်ပြီး ၁၃း၂၀ နာရီတွင် Suzuki ကားစက်ရုံသို့ ရောက်ရှိပါတယ်။ ရှင်းလင်းဆောင်မှာ ‘ ထိုင်းနိုင်ငံ၏မော်တော်ကားထုတ်စီးပွားရေးကဏ္ဍရှင်သန်စေရေးမူဝါဒ’ ကို Power Point ဖြင့် ရှင်းလင်းပြောပြလို့ မှတ်သားခဲ့ရတာလေးတွေ ပြန်လည်မျှဝေလိုက်ပါတယ်။

### ၁။ 1 Ton Pick Up ထုတ် ဗဟိုချက်ဖန်တီးယူခြင်း

(က) ထိုင်းနိုင်ငံ၏မော်တော်ကားထုတ် စီးပွားရေးကဏ္ဍသည် ၁၉၆၀ နှစ်များတွင် ဂျပန်ကားကုမ္ပဏီများဝင်ရောက်လာခြင်းမှအစပြုကာ တိုးတက်လာခဲ့ပြီး၊ လက်ရှိတွင် အရှေ့တောင်အာရှရှိ မော်တော်ကားထုတ် စီးပွားရေးကဏ္ဍ၏ဗဟိုချက်အဖြစ် နေရာယူနိုင်ခဲ့ပါတယ်။

(ခ) CBU ခေါ်ကားအစီးလိုက် တင်သွင်းမှုအပေါ် အစပိုင် တွင် အကောက်ခွန် ၆၈%၊ (ယခုအခါ ၈၀%) စည်းကြပ်ပါတယ်။ သို့မဟုတ် CBU တင်သွင်းမှုကို ကာလတစ်ခုတာ ပိတ်ပင်ခြင်းဖြင့် မိမိပြည်တွင်း




ထုတ်ကားများအတွက် ဈေးကွက်နေရာရရန် အကာအကွယ်ပေးခဲ့ပါတယ်။

(ဂ) မော်တော်ကားကုန်သွယ်ခွန်ဖြင့် 1 Ton Pick Up ကိုမျက်နှာသာပေးခဲ့ပြီး ၂၀၁၆ ဇန်နဝါရီလမှ အချို့ကို ပြောင်းလဲသတ်မှတ်ခဲ့ပါတယ်-

အိမ်သုံးကား <2000CC, 2000~3000CC
>3000CC
30 %, 35%, 50%

Eco <1300(Gasoline),
<1400CC(Diesel) 17%

Pick Up <3250, >3250
(single & space Cub) 3 %, 50%

Pick Up <3250, >3250
(Double Cub) 20%, 50%

(ဃ) ကားအစိတ်အပိုင်းများကို ပြည်တွင်းထုတ်ရန်ကန့်သတ်ခြင်းဖြင့် ဂျပန်ကား Parts Maker များဝင်လာစေရန်နှင့် ဒေသခံကား Parts Makerများရှင်သန်စေရန် တွန်းအားပေးခဲ့ရာ MoI (ထိုင်း Ministry of Industry က အဓိက အကောင်အထည်ဖော်ခဲ့ပြီး ထိုင်းတွင်ကား Parts Maker ပေါင်း ၂၄၀၀ ရှိပါတယ်။ (Tier 1; 700, Tier 2& 3; 1700)။ ပြည်တွင်းတွင်ပြောင်းလဲထုတ်နှုန်း (Localize Rate) အနေဖြင့် 1 Ton Pick up; 85 % ခန့်၊ အိမ်သုံးကား 70 % ခန့်၊ မော်တော်ဆိုင်ကယ် 100 % နီးပါးရှိပါတယ်။

(င) ၁၉၉၇ ခုနှစ်တွင် အာရှငွေကြေးအကြပ်အတည်းကြုံခဲ့ခြင်းကြောင့် ကားထုတ်ကာ ပြည်ပတင်ပို့သည့်ခြေကုတ်စခန်းအဖြစ် ထိုင်းနိုင်ငံကိုပြောင်းလဲမြင်လာကြသဖြင့် ၂၀၁၅ ဇန်နဝါရီမှ ဒီဇင်ဘာအထိ ကားစီးရေ ၁. ၈၈ သန်း ထုတ်လုပ်ခဲ့သည့်အနက် 1 Ton Pick upမှာ စီးရေ ၁. ၂ သန်းပါဝင်ပြီး ၂၀၁၅ ဇန်နဝါရီမှဒီဇင်ဘာအထိ ပြည်ပတင်ပို့မှု စီးရေ ၁. ၀၆ သန်းအနက် 1 Ton Pick up မှာ စီးရေ ၆. ၄ သိန်းပါဝင်ပါတယ်။

(စ) ထိုင်းနိုင်ငံ၏ ကုန်ထုတ်စီးပွားရေးကဏ္ဍကြီး တစ်ခုလုံးအနက် မော်တော်ကားထုတ်လုပ်မှုကဏ္ဍဟာ ၁၂% နေရာယူထားပြီး ထိုကဏ္ဍတွင် အလုပ်လုပ်နေသူ ၅. ၅ သိန်းဝန်းကျင်ရှိကာ စက်မှုကဏ္ဍကိုလည်း ကိုယ်စားပြုနေပါတယ်။

### ၂။ Eco Car မူဝါဒ

(က) ၂၀၀၇ ခုနှစ်တွင် ထိုင်းနိုင်ငံအစိုးရသည် 1 Ton Pick up အပြီး နောက်မဏ္ဍိုင်တစ်ခုအဖြစ် Eco Car မူဝါဒကို ကြေညာခဲ့ပါတယ်။

သတ်မှတ်ချက်များမှာ-

- ဓာတ်ဆီကား (1300 CC အောက်)
- ဒီဇယ်ကား (1400 CC အောက်) ရှိရမည်။
- ဆီစားနှုန်း 20 km/L အထက်နှင့် Gas Emission ကန့်သတ်ချက် (ယူရို 4, 5)၊ အန္တရာယ်ကင်းရေးစံ။
- အင်ဂျင်အစိတ်အပိုင်းများကို ပြည်တွင်းသို့ ပြောင်းထုတ်ရေး။
- ကားစထုတ်သည်မှ ၅ နှစ်မြောက်တွင် နှစ်စဉ်ထုတ်စီးရေ ၁ သိန်း ထုတ်လုပ်ရာင်းချနိုင်ရေး တို့ဖြစ်ပါတယ်။

### ၃။ အခွင့်အလမ်းပေးခြင်း

- ကုန်သွယ်ခွန်အနေဖြင့် (30% ~17%) လျှော့ချပေးခဲ့ပြီး ဒုတိယအကြိမ် Eco Car မူဝါဒတွင် 14% လျှော့ချပေးခဲ့ပါတယ်။ လုပ်ငန်းခွန် ကင်းလွတ်ခွင့် (၈ နှစ်တာ) ဖြစ်ပြီး SKD အသွင်းအခွန်လျှော့ (၂ နှစ်တာ)၊ ကုန်ထုတ်ယန္တရားသွင်းခွန်မဲ့ဖြစ်ပါတယ်။

**စာမျက်နှာ ၁၆ သို့ -**

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

**စာမျက်နှာ ၁၅ မှ-**

ဆက်လက်၍ Suzuki စက်ရုံမှထုတ်လုပ်နေသော ကားများကိုရှင်းပြပါတယ်။ စက်ရုံကို ၁. ၈. ၂၀၁၁ က စတင်ခဲ့ရာ Eco Car ဖြစ်တဲ့ Swift Car (1250 cc) ကို ၂၀၁၂ ခုနှစ် မတ်လတွင်လည်းကောင်း၊ Celerio Car(1000 cc) ကို ၂၀၁၄ ခုနှစ် မေလတွင်လည်းကောင်း၊ Ciaz Car (1250 cc) ကို ၂၀၁၅ ခုနှစ် ဇွန်လတွင်လည်းကောင်း၊ Model ၃ မျိုးကို ထုတ်လုပ်ဖြန့်ဖြူးနိုင်ခဲ့ကြောင်း သိရပါတယ်။

ထို့နောက် Suzuki စက်ရုံအတွင်း လိုက်လံရှင်းလင်းပြသပါတယ်။ စက်ရုံအတွင်း ဓါတ်ပုံရိုက်ခွင့်မရှိပါ။ ပထမ ကားကိုယ်ထည်ပိုင်းထုတ်လုပ်မှုကို ကြည့်ရှုရပါတယ်။ နေရာများစွာမှာ အလိုအလျှောက်စက်များ အသုံးပြုထားတာတွေ့ရပြီး ဝန်ထမ်းအများစုမှာ အမျိုးသမီးများဖြစ်ကြပါတယ်။ ကုမ္ပဏီ၏ဆောင်ပုဒ်မှာ အလကားရတဲ့ကမ္ဘာ့ဆွဲအားနှင့် နေ၏အလင်းရောင်ကို ကောင်းစွာအသုံးချရေးပင်ဖြစ်ပါတယ်။ ထုတ်လုပ်နေတဲ့ပစ္စည်းများကို တစ်နေရာမှတစ်နေရာကို ပို့ဆောင်ရာလမ်းကြောင်းအားအစောင်းထားသဖြင့် အမြင့်မှအနိမ့်သို့တွန်းပို့ရာတွင် အားစိုက်စရာမလိုတော့ပါ။ ညနေ ၄း၃၀ နာရီတွင် စက်ရုံလုပ်သားများအလုပ်ဆင်းကြပါတယ်။ မိမိတို့လည်း စက်ရုံအစည်းအဝေးခန်းမမှာပြန်စုစည်းပြီး မရှင်းသည်များ မေးမြန်းရှင်းလင်းကာ စက်ရုံမှ ညနေ ၅ နာရီတွင် ပြန်လည်ထွက်ခွာ၍ တည်းခိုမည့် ပတ္တရားကမ်းခြေရှိ Amari ဟိုတယ်သို့ ည ၇ နာရီမှာ ရောက်ရှိပါတယ်။

၁၆ ရက်နေ့ နံနက် ၈း၂၀ နာရီမှာ ဟိုတယ်မှ ထွက်ခွါလာရာ ၉း၃၀ နာရီမှာ Sumitomo Global Manufacturing စက်ရုံသို့ ရောက်ရှိပါတယ်။ စက်ရုံက မော်တော်ကားသုံး Wire Harness ဝါယာမီးကြိုးဆိုင်းများ ထုတ်လုပ်ကာ တစ်ကမ္ဘာ့လုံးရှိ Car Maker (၈)ခုသို့ ပေးသွင်းလျက်ရှိပါတယ်။ Toyota ကိုတော့ အများဆုံး ပေးသွင်းနေပါတယ်။ ထို့နောက် ဒုတိယထပ်ရှိ Suzuki စက်ရုံအတွက် ထုတ်လုပ်ပေးနေတဲ့ Wire Harness များ ထုတ်လုပ်နေမှုအားကြည့်ရှုပြီး နံနက် ၁၀း၅၀ နာရီမှာ စက်ရုံမှပြန်လည်ထွက်ခွာခဲ့ပါတယ်။ အပြန်လမ်းတွင် နေ့လယ်စာစားပြီး နေ့လယ် ၁ နာရီမှာ Thai Kioto Company Ltd., စက်ရုံသို့ရောက်ရှိလေ့လာခဲ့ပါတယ်။ ထိုစက်ရုံဟာ ကား၏ ရှေ့မီးခွက်၊ နောက်မီးခွက်နှင့်ဘန်ဘာများကို အဆင့်မြင့်စက်များ အသုံးပြုကာ ထုတ်လုပ်ပေးနေတာဖြစ်ပါတယ်။ နေ့လယ် ၂း၃၀ နာရီ တွင် စက်ရုံမှပြန်လည်ထွက်ခွာခဲ့ပြီး ဒိုမောင်းလေဆိပ်သို့ ညနေ ၅း၃၀ နာရီမှာရောက်ရှိကြပါတယ်။ ည ၇း၃၀ နာရီ လေယာဉ်ထွက်ခွာလာကာ ရန်ကုန်လေဆိပ်သို့ ည ၈း၁၅ နာရီတွင် ပြန်လည်ရောက်ရှိခဲ့ပါတယ်။

တစ်ညအိပ် နှစ်ရက်ခရီးစဉ်အဖြစ် ကပ်ကျော်နိုင်ငံ ထိုင်းနိုင်ငံအတွင်း မော်တော်ကားစက်ရုံနှင့်ဆက်စပ်ပစ္စည်းများ ထုတ်လုပ်တဲ့စက်ရုံများသို့ ရောက်ရှိလေ့လာခဲ့မှုမှတစ်ဆင့် မိမိနိုင်ငံအတွက်လည်း စိတ်ကူးအတွေးသစ်များဖြစ်စေခဲ့ပါတယ်။

ထိုင်းနိုင်ငံ၏ပြဿနာမှာ ဘတ်ငွေတန်ဖိုးမြင့်လာခြင်း၊ လုပ်သားအင်အား မလုံလောက်မှုနှင့် လုပ်အားခမြင့်မားခြင်းများကြုံတွေ့နေရခြင်းပင်ဖြစ်ပါတယ်။ ထိုင်းမှာ လုပ်သားလစာမှာ ၃၆၃ ဒေါ်လာရှိပြီး မြန်မာမှာ ၁၂၇ ဒေါ်လာရှိ၍ ထက်ဝက်ကျော်ကွာဟနေ၍ ထိုင်းမှကားကုမ္ပဏီများ မြန်မာပြည်သို့ ဖိတ်ခေါ်လုပ်ကိုင်သင့်ပါကြောင်းယူဆမိပါတယ်။

ဒါ့အပြင် ကားအစီးလိုက်တင်သွင်းမှုကို ကန့်သတ်ပြီး မြန်မာပြည်တွင်းထုတ်လုပ်မှုကို ဆွဲဆောင်တဲ့မူဝါဒကို စတင်သင့်ပါတယ်။

ကားတစ်စီးလျှင် အစိတ်အပိုင်း ၃ သောင်းဖြင့် တပ်ဆင်ဖွဲ့စည်းထားလို့ ကားအစိတ်အပိုင်းထုတ်လုပ်မှုကဏ္ဍ ရှင်သန်လာမယ်လို့မျှော်လင့်ရပါတယ်။

ထိုင်းနိုင်ငံရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုဖိတ်ခေါ်သော BOI (Board of Industry) ဌာနကဲ့သို့ အင်အားဖြည့်ကာ အလာကို မစောင့်ဘဲ ဆွဲဆောင်ဖိတ်ခေါ်ခြင်း၊ မြန်မာ့ SME များနှင့်ချိတ်ဆက်ပေးခြင်း၊ One Window ဖြင့် အကူအညီပေးရေးဝန်ဆောင်မှုများကို လက်တွေ့အကောင်အထည်ဖော်ရမှာဖြစ်ပါတယ်။

ထိုင်းနိုင်ငံတွင် SME မရှိသေးခင်က ဂျပန်နိုင်ငံက ဆွဲခေါ်နေရာပေးခဲ့ပါတယ်။ ထိုင်းနိုင်ငံရှိ စက်မှုဇုန်အနေအထားမှာ လူသာလာခဲ့ပါ။ အစိုးရက နေရာ၊ လမ်းပမ်းဆက်သွယ်ရေး၊ လျှပ်စစ်မီး၊ ဂေါက်ကွင်းကအစ ပြည့်စုံစွာဖန်တီးပေးထားပါတယ်။ ထိုအခြေအနေမျိုးများ မြန်မာပြည်က ဖန်တီးပေးနိုင်မယ်ဆိုလျှင်တော့ . . . ။

❑

**စာမျက်နှာ ၂၂ မှ-**

အသွေးပိုမိုကောင်းမွန်စေရန် ဆေးပြား (၆၉) မျိုး၊ ဆေးမှုန့်တစ်မျိုးနှင့်ထိုးဆေး (၆၄) မျိုးတို့ကို ထုပ်ပိုးမှုပုံစံအသစ်ဖြင့် ပြောင်းလဲထုတ်လုပ်ခဲ့ပါကြောင်း၊ ထို့အပြင် ဆေးဝါးအမယ်သစ် (၁၂) မျိုးကိုလည်း စမ်းသပ်ထုတ်လုပ်ခဲ့ပြီး သိုး၏သွေးအရည်ကြည်မှထုတ်လုပ်သည့် မြွေဆိပ်ဖြေဆေးကို စမ်းသပ်စစ်ဆေးမှုများအောင်မြင်၍ FDA ၏ခွင့်ပြုချက်ဖြင့် ဈေးကွက်အတွင်းဖြန့်ဖြူးရောင်းချလျက်ရှိပါကြောင်း၊ FDA ခွင့်ပြုမိန့်ရရှိရန် လျှောက်ထားဆဲဆေး (၄) မျိုး နှင့် Stability Test စမ်းသပ်ဆဲဆေး (၇) မျိုးရှိပါကြောင်း၊ ကင်ဆာဝေဒနာရှင်များအတွက် နာကျင်ကိုက်ခဲမှုသက်သာစေသော Morphine Sulfate Syrup နှင့် Morphine Sulfate Tablet တို့ကိုလည်း Stability Test စမ်းသပ်နေပြီး HIV နှင့် Hepatitis 'B' ရောဂါဝေဒနာရှင်များအတွက် ကုသဆေးဖြစ်သည့် Tenofovir (300 mg) ဆေးသစ်ထုတ်လုပ်နိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသော ထုတ်ကုန်များ တိုးချဲ့ထုတ်လုပ်နိုင်ရေးအတွက် မြွေဆိပ်ဖြေဆေး တိုးမြှင့်ထုတ်လုပ်နိုင်ရေးအဆောက်အဦကို ၂၀၁၆ ခုနှစ် မေလတွင်လည်းကောင်း၊ ထိုးဆေးအမျိုးအစား (၁၀) မျိုးကို တစ်နှစ်လျှင် သန်း ၂၀ ထုတ်လုပ်နိုင်မည့် Small Volume Production Plant နှင့် တစ်နှစ်လျှင် (၅) သန်းထုတ်လုပ်နိုင်မည့် Cephalasporin Injection Plant တို့ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင်လည်းကောင်း ဆေးဝါးစက်ရုံ (အင်းစိန်) ၌ ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ထို့အပြင် ယခင်က အနံ့သေးစက် ၄၈ လက်မသာ ထုတ်လုပ်ပေးနိုင်သော ရက်ကန်းစက်များကို Modify ပြုလုပ်ခြင်း၊ လိုအပ်သည့်အစိတ်အပိုင်းများအား အသစ်တီထွင်အစားထိုးလဲလှယ်ခြင်းတို့ကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည့်အတွက် အနံ ၆၅ လက်မအထိ ပိတ်စများကိုစမ်းသပ်ထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ ပထမအဆင့် ရက်ကန်းစက်အလုံး (၅၀) အား တီထွင်ပြုပြင်ပြောင်းလဲလျက်ရှိပြီး ဈေးကွက်ဝင်အနံကြီးပိတ်များထုတ်လုပ်သွားရေး စီမံဆောင်ရွက်နေပါကြောင်း၊ ပြည်တွင်းလိုအပ်မှုရှိနေသည့် အဆင့်မြင့် ၁/၄၀ စီ ချည်ကို ပုဂ္ဂလိကနှင့်ပူးပေါင်း၍ အိန္ဒိယနည်းပညာဖြင့်စမ်းသပ်ထုတ်လုပ်အောင်မြင်ခဲ့ပြီးဖြစ်သဖြင့် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလမှစတင်၍ ဈေးကွက်အတွင်းဖြန့်ဖြူးရောင်းချလျက်ရှိပါကြောင်း၊ ဆေးရုံသုံးကုတင်၊ ပရိဘောဂနှင့်ခွဲစိတ်ခန်းသုံးပစ္စည်းများကို Medical Grade နှင့်အညီ Steel ပစ္စည်းများဖြင့် ထုတ်လုပ်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ ဖြန့်ဖြူးပေးလျက်ရှိပြီး Locker တွဲဆက်ထားသည့် ဆေးရုံသုံးကုတင်နှင့် Medicine Cupboard တို့ကိုလည်း စမ်းသပ်ထုတ်လုပ်လျက်ရှိကြောင်း၊ ဇွဲလယ်ထွန်စက်၊ ဧရာ-၁ လက်တွန်းထွန်စက်၊ စပါးခြွေလှေ့စက်နှင့်ဆန်စက်ငယ်များအား စွမ်းဆောင်မှုပိုမိုရရှိစေရန် တီထွင်ဆန်းသစ်မှုများပြုလုပ်ပြီး ဈေးကွက်အတွင်း ရောင်းချနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင်ကျင်းပသည့် နိုင်ငံတကာနည်းပညာပြပွဲနှင့် စက်မှုပြပွဲများတွင်လည်း စက်မှုဝန်ကြီးဌာန၏ထုတ်ကုန်များ ဝင်ရောက်ပြသရောင်းချခဲ့ပါကြောင်း၊ နိုင်ငံပိုင်စက်ရုံအလုပ်ရုံများအား အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရာ၌ စက်မှုဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ စက်ရုံပေါင်း (၁၁၈) ရုံရှိသည့်အနက် စက်ရုံ (၅၉) ရုံအား ပုဂ္ဂလိကနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဘိလပ်မြေစက်ရုံ (ကျောက်ဆည်) မှ အရည်အသွေးမြင့်မားသည့် ဘိလပ်မြေများကို တစ်ရက်လျှင် တန်ချိန် (၅,၀၀၀) ထုတ်လုပ်၍ ဈေးနှုန်းချိုသာစွာဖြင့် လုပ်ငန်းခွင်အရောက်ပို့ဆောင်ပေးလျက်ရှိပါကြောင်း၊ မှန်စက်ရုံ (ကျောက်ဆည်) မှလည်း တည်ဆောက်ရေးလုပ်ငန်းသုံး မှန်အမျိုးမျိုး ထုတ်လုပ်လျက်ရှိပြီး စက်ရုံထုတ်အရည်အသွေးမြင့်မှန်ကို အသုံးပြု၍ မြန်မာမှုလက်ရာယွန်း၊ ကနုတ်၊ ပန်းပုတို့ဖြင့်ပေါင်းစပ်ကာ မှန်စားပွဲနှင့်ပရိဘောဂများကို Handmade အဖြစ် ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း ပြောကြားသည်။

ထို့အပြင် အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒနှင့်နည်းဥပဒေထုတ်ပြန်ခဲ့မှုအခြေအနေ၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို နိုင်ငံတော်သမ္မတက ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တွဲဖက်ဥက္ကဋ္ဌနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အတွင်းရေးမှူးအဖြစ်ဖွဲ့စည်းဆောင်ရွက်နေမှုအခြေအနေ၊ SME များအား ငွေကြေးအရင်းအနှီးရရှိစေရန်နှင့် နည်းပညာဖြန့်ဝေပေးမှုအခြေအနေ၊ စက်မှုဆိုင်ရာကျွမ်းကျင်လုပ်သားများကို စက်မှုသင်တန်းကျောင်း (၆) ကျောင်းဖွင့်လှစ်၍ စနစ်တကျလေ့ကျင့်သင်ကြားပေးနေမှုနှင့် စက်မှုနှင့်အသက်မွေးပညာရွေ့လျားသင်တန်းများ ဖွင့်လှစ်ကာ ကျေးလက်ဒေသအရောက် စက်မှုအတတ်ပညာဖြန့်ဝေနေမှုတို့အား အကျယ်တဝင့်ရှင်းလင်းပြောကြားပြီး သတင်းမီဒီယာများ၏သိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

# အမှိုက်ထဲကရွှေ

မင်းညတာရာ

အိမ်မှာ နေ့စဉ်နေ့တိုင်းကျွန်တော် ပြုလုပ်နေကျ အလုပ်တစ်ခုရှိပါတယ်။ အဲဒါကတော့ အိမ်အတွင်း၊ အပြင် အမှိုက်ကောက်တဲ့အလုပ်ပါ။ ကျွန်တော်တို့ ဝန်းကျင်အနီးအနားမှာ အမြဲမြင်တွေ့နေရတာကလည်း အမှိုက်ပဲလေ။ ကြွတ်ကြွတ်အိတ်အမှိုက်၊ ပလတ်စတစ်အမှိုက်၊ ငှက်ပျောခွံ၊ ပြောင်းဖူးရိုးတံ၊ စက္ကူစ စတဲ့လူသုံးပစ္စည်းနှင့် စားစရာအမှိုက်သရိုက်တွေသာမကဘူး တစ်ခါတလေ အိမ်ရှေ့ကနေ ဖြတ်ဖြတ်သွားတတ်တဲ့မြင်းတွေ၊ နွားတွေက စွန့်ပစ်သွားတဲ့ တိရစ္ဆာန်အညစ်အကြေးတွေပါ တွေ့ရတတ်တယ်။ မြင်းချေးတွေ၊ နွားချေးတွေတွေ့ရင်တော့ ကျွန်တော်က စိတ်မပျက်ဘဲ အဲဒီတိရစ္ဆာန်အညစ်အကြေးတွေကြုံး၊ အိမ်ထဲမှာစုပုံပြီး နေပူပူထဲမှာခြောက်အောင် ထားထားလိုက်တယ်လေ။ ဒါတွေက အပင်တွေအတွက် လိုအပ်တဲ့ မြေဩဇာအဖြစ်သုံးလို့ရတယ်မဟုတ်လား။

တိရစ္ဆာန်အညစ်အကြေးတွေကို ဒီလိုအပင်အာဟာရအတွက် ပြန်သုံးဖို့သိမ်းထားတတ်ပေမယ့် လူတွေစွန့်ပစ်တဲ့အမှိုက်သရိုက်ကြတော့ နေ့စဉ်နေ့တိုင်းလိုက်ကောက်ပြီး အမှိုက်တောင်းထဲ စနစ်တကျစွန့်ပစ်ရတာပါ။ ပြီးရင် ၂ ရက်ခြားတစ်ခါ၊ ၃ ရက်ခြားတစ်ခါ လာတတ်တဲ့စည်ပင်သာယာအမှိုက်သိမ်းယာဉ်ပေါ် တင်ပေးရတယ်။

တစ်ခါတလေတော့လည်း နေ့စဉ်နေ့တိုင်း လိုက်ကောက်ရတဲ့စွန့်ပစ်အမှိုက်တွေကိုကြည့်ပြီး ဒါတွေကို တစ်နေရာရာမှာ ပြန်သုံးလို့ရရင် ကောင်းမှာပဲလို့ တွေးမိတတ်ပါတယ်။ တကယ်တမ်းကျတော့ စွန့်ပစ်ထားတဲ့အမှိုက်တွေကိုသာ သေသေချာချာပြန်သန့်စင်ရင် ပြန်သုံးလို့ရတဲ့ အမှိုက်နဲ့ ပြန်သုံးလို့မဖြစ်တဲ့ အမှိုက်ဆိုပြီးတွေ့ရမှာပါ။ ပြန်သုံးလို့ရတဲ့ အမှိုက်တွေကို (ဥပမာ-ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများမှ အခွံတွေ၊ ရိုးတံတွေ၊ ရွက်ကြမ်းတွေ) သေသေချာချာစုဆောင်းထားနိုင်ရင် မကြာခင်မြေဆီဩဇာပြည့်ဝတဲ့ မည်းနက်တဲ့မြေဆွေးပုံကြီးဖြစ်လာမှာ သေချာပါတယ်။ ဒါဆိုရင် အပင်တွေအတွက် အာဟာရဓာတ် ကောင်းကောင်းပေးနိုင်ပြီပေါ့။

Recycle ဆိုတဲ့စကားလုံးကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်းပါးတွေဖတ်မှ ရင်းနှီးကျွမ်းဝင်ခဲ့ရပေမယ့် တကယ်တော့ ကျွန်တော်တို့တွေဟာ ဟိုးအရင်ကတည်းက လက်တွေ့လုပ်ဆောင်နေခဲ့ကြတာကိုတွေ့ရပါတယ်။ ငယ်စဉ်ကတည်းက စာအုပ်အဟောင်းတွေ၊ ကတ္တူစက္ကူတွေစုပြီး ပြန်ရောင်းတာ၊ ပုလင်းခွံ၊ ကော်ဘူးခွံတွေလိုက်ကောက်ပြီး ပြန်ရောင်းတာ။ တကယ်တော့ဒါတွေဟာ အမှိုက်ကိုနည်းနိုင်သမျှနည်းအောင် ထိန်းချုပ်တဲ့နည်း ၃ မျိုးဖြစ်တဲ့ Reduce (စွန့်ပစ်တဲ့အမှိုက်နည်းအောင်ထိန်းချုပ်တာ)၊ Reuse (သုံးပြီးသားပစ္စည်းကို ပြန်သုံးတာ) နဲ့ Recycle (အသုံးဝင်မှုသံသရာလည်နေတာ) စတဲ့ R သုံးလုံးထဲက Recycle ကို ကောင်းကောင်းကြီးလိုက်နာနေတာပဲ မဟုတ်လား။

သို့သော်လည်း ကျွန်တော်တို့တွေက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုတဲ့ အမြင်နဲ့လုပ်ခဲ့တာမဟုတ်ဘူး။ ကမ္ဘာကြီးကိုပိုလှအောင်၊ ကိုယ့်ဝန်းကျင်ကို သန့်ရှင်းလှပအောင်ဆိုတဲ့ အတွေးနဲ့လည်း လုပ်ခဲ့တာမဟုတ်ဘူး။ ကိုယ့်ရဲ့စားဝတ်နေရေးအတွက်၊ ငယ်စဉ်ကတော့ မုန့်ဖိုးရဖို့သက်သက်သာလုပ်ခဲ့ကြတာပါ။ ဘာပဲပြောပြော ဒါကလည်း တစ်နည်းအားဖြင့် ကောင်းတာပါပဲ။


အမှိုက်တွေကိုသာ တကယ်ပဲ Recycle ပြန်လုပ်ဖြစ်ရင် ကျွန်တော်တို့မြန်မာစကားအတိုင်းပဲ အမှိုက်ထဲကရွှေထွက်ပြီပေါ့။ အခု အဲဒီအမှိုက်ထဲက ရွှေထွက်တော့မယ့်သတင်းကို တစ်နေ့ကပဲ ဖတ်လိုက်ရပါတယ်။

ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့ အမှိုက်မှစွမ်းအင်ထုတ်စက်ရုံ (Waste to Energy) ကို ဧပြီလ ၇ ရက်နေ့မှာ စတင်ဖွင့်လှစ်ခဲ့ပါပြီ။ အဲဒီစက်ရုံက တစ်ရက်မှာ အမှိုက်တန် ၆၀ မီးရှို့နိုင်ပြီး တစ်နာရီကိုလျှပ်စစ်ဓာတ်အား ၇၀၀ ကီလိုဝပ်ထွက်နိုင်မယ်တဲ့။ အဲဒီထွက်လာတဲ့ လျှပ်စစ်ဓာတ်အားကနေ ကီလိုဝပ် ၄၀၀ ကို စက်ရုံလည်ပတ်ဖို့အတွက်ပြန်သုံးပြီး ကီလိုဝပ် ၃၀၀ ကို မဟာဓာတ်အားလိုင်းကို ပြန်လည်ရောင်းချမှာတဲ့။ ရန်ကုန်မှာသာ စက်ရုံလည်ပတ်နိုင်ရုံတင်မကဘူး။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီကပါ အမှိုက်ကနေလျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ဖို့ စီစဉ်နေတဲ့သတင်းတွေဖတ်ရတော့ တကယ်ပဲ အမှိုက်ထဲကနေရွှေဖြစ်အောင် လုပ်နိုင်တဲ့နည်းပညာတွေ တိုးတက်လာတာဟာ ကမ္ဘာကြီးအတွက်တကယ်ကောင်းတဲ့ အကျိုးရလဒ်တွေပါပဲ။

မြန်မာနိုင်ငံမှာ လက်ရှိဓာတ်အားထုတ်လုပ်မှုမှာ ကျောက်မီးသွေးက ၃ ရာခိုင်နှုန်းဝန်းကျင်၊ သဘာဝဓာတ်ငွေ့က ၂၉ ရာခိုင်နှုန်းခန့်နဲ့ ရေအားလျှပ်စစ်က ၆၆ ရာခိုင်နှုန်းကျော်ရှိတယ်တဲ့။ နောက်ကျရင် အမှိုက်ကနေ လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်ပြီး ရှုပ်ပွနေတဲ့ပတ်ဝန်းကျင်ကို ပိုသန့်၊ ပိုလှ၊ ပိုရှင်းအောင် ဖန်တီးပေးသလို ဖြစ်သွားနိုင်ပါတယ်။

တစ်နေ့ကဖတ်ရတဲ့သတင်းမှာ ဆော်ဒီအာရေဗျနိုင်ငံက နေစွမ်းအင်နှင့်လေစွမ်းအင်တို့ကနေ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၇၀၀ ထုတ်ယူနိုင်ဖို့စီစဉ်နေသလို အိန္ဒိယနိုင်ငံကလည်း နေစွမ်းအင်ထုတ်လုပ်ရေးကို ၂၀၁၇ ခုနှစ်မှာ ၁၈ ဂီဂါဝပ်အထိ ၂ ဆမြှင့်တင်မယ်တဲ့လေ။ ဒါဟာ တစ်နေ့တခြားဆိုးရွားလာတဲ့ ကမ္ဘာ့ရာသီဥတုကိုအလေးထားတဲ့နိုင်ငံတွေက အစိမ်းရောင်စီးပွားရေးကို ဦးတည်နေကြောင်းတွေ့ရတော့ ဝမ်းသာအားတက်ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း တချို့နိုင်ငံတွေလို နေစွမ်းအင်၊ လေစွမ်းအင်ကနေ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မယ့်အခြေအနေကို တစ်နေ့မရောက်ဘူးလို့ မပြောနိုင်ဘူးလေ။

ကမ္ဘာ့ရာသီဥတု ဖောက်လွဲဖောက်ပြန်မှုဟာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကြောင့်လို့ဆိုရင် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်တဲ့နည်း (လောင်စာမှစွမ်းအင်သို့ပြောင်းရာတွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လုပ်မှုမရှိတဲ့နည်း) နဲ့ လူသားတို့လိုအပ်တဲ့စွမ်းအင်တွေကိုသာ ထုတ်လုပ်နိုင်မယ်ဆိုရင် ကမ္ဘာမြေဟာ ထာဝရတည်တံ့နေမှာ အသေအချာပါပဲ။




# ဆောက်လုပ်ရေးသုံး စတီးလ်ကုန်ချောများအတွက် Steel Industrial Zone တစ်ခု ထူထောင်မည်



မြန်မာနိုင်ငံအတွက် စတီးလ်ကို အသုံးပြုသော ထုတ်ကုန်များထုတ်နိုင်စေရန် Steel Industrial Zone ကို ထူထောင်ပေးသွားမည်ဖြစ်သည့်အတွက် ရင်းနှီးမြှုပ်နှံလိုသူများ စတင်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ပြောကြားလိုက်သည်။

ထိုသို့ရန်ကုန်အပါအဝင် အခြားသောမြို့ပြများ၌ အဆောက်အအုံများ၊ လမ်းများ၊ တံတားများတည်ဆောက်နေရမှုများအတွက် ဘီလပ်မြေလိုအပ်ချက်၊ စတီးလ်ဖြင့်ထုတ်လုပ်ထားသော ကုန်ချောပစ္စည်းများလိုအပ်ချက်မှာလည်း နှစ်စဉ်မြင့်မားလျက်ရှိနေသောကြောင့် ပြည်ပမှတင်သွင်းနေရမှုကိုလည်း တစ်ဖက်တစ်လမ်းမှလျှော့ချနိုင်စေရန် Steel Industrial Zone ကို ထူထောင်လိုခြင်းဖြစ်ကြောင်းသိရသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက 'ဆောက်လုပ်ရေးကဏ္ဍကသိပ်အရေးကြီးလာပါပြီ။ ဆောက်လုပ်ရေးမှာ ဘီလပ်မြေအများကြီးလိုတယ်။ အလားတူပဲ Steel နဲ့ ထုတ်ကုန်တွေအများကြီးလိုပါတယ်။ ဒါကြောင့်မို့လို့ မကြာခင်ကာလအတွင်းမှာ သင့်လျော်တဲ့ဒေသမှာ Steel Industrial Zone တစ်ခုကို ထူထောင်သွားဖို့ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ဆွေးနွေးနေပါတယ်' ဟု ပြောကြားခဲ့သည်။

ထို့အပြင် စတီးလ်ဇုန်အပါအဝင် ဘီလပ်မြေထုတ်ကုန်များကိုလည်း လက်ရှိရင်းနှီးမြှုပ်နှံသူများရှိနေသကဲ့သို့ ထပ်မံရင်းနှီးမြှုပ်နှံလိုသူများကိုလည်း ဖိတ်ခေါ်ကြောင်းသိရသည်။

မြင့်မြတ်အောင်မြင်

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# စလစ်ဈေးကျဆင်း၍ ကားအရောင်းအဝယ်နည်း



စလစ်ကားများကို ကြိုတင်ဝင်ငွေခွန်ကောက်ခံမှုစတင်နေ၍ ပြည်တွင်းကားဈေးကွက်တွင် စလစ်ဈေးနှုန်းများကျဆင်းနေကြောင်းကို ကားအရောင်းအဝယ်ပြုလုပ်သူများထံက သိရသည်။

ပြီးခဲ့သည့် မတ်လနောက်ဆုံးကတည်းက စလစ်ဝယ်လိုအားကျဆင်း၍ စလစ်ဈေးပါ ကျဆင်းလာသည်။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလအတွင်း ကျပ်သိန်း ၁၀၀ ကျော်အထိမြင့်တက်လာသည့် စလစ်ဈေးသည် ၂၀၁၇ ဧပြီလ ပထမပတ်မှစတင်၍ ကျဆင်းတော့မည့် အခြေအနေဖြစ်လာသည်။

မတ်လနောက်ဆုံးပတ်တွင် သက်တမ်းနှစ် ၂၀ စလစ်ဈေးများကျဆင်းပြီး အခြားစလစ်များဖြစ်သည့် စက်မှုဇုန်စလစ်၊ တိုက်ကြေစလစ်များ ပါကျဆင်းလာကာ ယခုတစ်လလုံးတွင် ပြည်ပမှကားတင်သွင်းသူ ပိုမိုနည်းပါးနိုင်ပြီး၊ ပြည်တွင်း၌ရှိပြီးကားများသာ အရောင်းအဝယ်ဈေးကွက်တွင်လည်ပတ်မည့် အခြေအနေရှိနေပေသည်။ အနှစ် ၂၀ အမည်ပေါက်စလစ်တစ်စောင်လျှင် ကျပ် ၉၅ သိန်းနှင့် ၁၀၀ ခန့်ကြားဈေးကွက်ဖြစ်ပေါ်နေပြီး အရောင်းအဝယ်နည်းပါးနေသေးကြောင်းသိရကာ လက်ရှိတွင် ဇုန်ထုတ်ကားစလစ်တစ်စောင်လျှင် အမည်ပေါက် ကျပ် ၁၀၂ သိန်းအထိ ဈေးတက်နေသော်လည်း ပြည်ပကားတင်သွင်းမှု နည်းပါးနေသဖြင့် စလစ်အမျိုးအစားအားလုံး အရောင်းအဝယ်နည်းနေကြောင်း သိရသည်။ မော်တော်ယာဉ်တင်သွင်းရောင်းချသူများက သင်္ကြန်ကာလအပြီး အရောင်းအဝယ်ပြန်လည်ကောင်းလာရန် မျှော်လင့်နေကြကြောင်း သိရသည်။ **ရန်ဖြိုးသိမ်း**

## သင်္ကြန်ကာလအတွင်း ယာဉ်စီးခပိုမိုကောက်ခံခဲ့သည့် YBS ယာဉ်လိုင်းများ စစ်ဆေးအရေးယူ


သင်္ကြန်ကာလအတွင်း ယာဉ်စီးခ ပိုမိုကောက်ခံခဲ့သည့် YBS ယာဉ်လိုင်းများကိုစစ်ဆေးကာ အရေးယူမှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ အတွင်းရေးမှူး ဒေါက်တာမောင်အောင်ကပြောသည်။

သင်္ကြန်ကာလအတွင်း ကားခဈေးနှုန်းများကို တိုးမြင့်ကောက်ခံခဲ့သည့်အတွက် ပြည်သူများက ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့သို့ တိုင်ကြားခဲ့သည့်အမှုပေါင်း ၃၈ မှုရှိကာ ယင်းတိုင်ကြားခဲ့မှုအပေါ် ယခုလအတွင်း စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်းသိရသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က 'သင်္ကြန်ကာလမှာ ယာဉ်အစီးရေတစ်ထောင်ကျော်လောက် ပြေးဆွဲပါတယ်။ မီနီဘတ်စ်တွေနဲ့ အများဆုံးပြေးဆွဲခဲ့တယ်။ ယာဉ်စီးခပိုကောက်ပါတယ်ဆိုပြီး တိုင်ကြားထားတာတော့ ၃၈ မှုရှိပါတယ်။ တိုင်ကြားခံရတဲ့သူတွေကိုခေါ်ယူစစ်ဆေးပြီး အရေးယူမှုတွေကို ပြုလုပ်သွားမှာပါ' ဟု ပြောကြားခဲ့သည်။

တာမွေမြို့နယ်သို့ စီးနင်းသည့် ခရီးသွားပြည်သူတစ်ဦးက 'သင်္ကြန်အကျနေ့က မြေနီကုန်းကနေ YBS (၆၅) ယာဉ်လိုင်းကိုစီးတာ ငါးရာပေးရပါတယ်။ ညဘက်တွေဆို တစ်ထောင်ထိပေးစီးခဲ့ရပါတယ်' ဟု ပြောကြားခဲ့သည်။ ထိုကဲ့သို့ တိုင်ကြားခံရသည့် YBS ယာဉ်လိုင်းများကို ပထမအဆင့်အနေဖြင့် ဒဏ်ကြေးငွေသုံးသောင်း၊ ဒုတိယအဆင့်အနေဖြင့် ကာလအပိုင်းအခြားအလိုက် ယာဉ်လိုင်းပိတ်သိမ်းခြင်း၊ တတိယအဆင့်အနေဖြင့် ယာဉ်လိုင်းမှထုတ်ပယ်ခြင်း စသည့်အဆင့်သုံးဆင့်ဖြင့် အရေးယူမှုများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မြတ်အောင်မြင်**



## ရန်ကုန်တိုင်းအတွင်းရှိ လိုင်စင်ကားများ ဧပြီလအကျော်တွင် RFID စနစ်တပ်ဆင်ရမည်



ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ တရားမဝင်ကားများ ပြေးဆွဲနိုင်မှု ထိန်းသိမ်းနိုင်ရန် လိုင်စင်ကားများကို ဧပြီလအကျော်တွင် RFID (Radio Frequency ID) စနစ်တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းကပြောကြားလိုက်သည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက 'ရန်ကုန်တိုင်းမှာရှိတဲ့ လိုင်စင်ကားများအတွက် ယခုလ ဧပြီလအကျော်မှာ RFID (Radio Frequency ID) တပ်ဆင်မှာဖြစ်ပါတယ်။ ရန်ကုန်ကားနဲ့နယ်ကား သဲသဲကွဲကွဲဖြစ်ဖို့နဲ့ တရားမဝင်ကားတွေပြေးဆွဲနေမှု ထိန်းသိမ်းနိုင်ဖို့အတွက်ဖြစ်ပါတယ်' ဟု ပြောကြားခဲ့သည်။

အဆိုပါ RFID Chip ပြားတပ်ဆင်မှုများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်ပူးပေါင်းညှိနှိုင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်းလက်ရှိယာဉ်စီးရေ တိုးတက်မှုကြောင့်ဖြစ်ပေါ်လာသည့် ယာဉ်ကြောပိတ်ဆို့မှုများ၊ ယာဉ်မတော်တဆထိခိုက်မှုများကို ဖြေရှင်းရန်၊ ပြစ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် မော်တော်ယာဉ်များကို အလွယ်တကူ စိစစ်ဖော်ထုတ်ဖမ်းဆီးနိုင်ရန်နှင့် တရားမဝင်မှတ်ပုံတင်မဲ့ယာဉ်များကို စစ်ဆေးထိန်းချုပ်ရန်ရည်ရွယ်၍ မော်တော်ယာဉ်များတွင် RFID စနစ်တပ်ဆင်ခြင်းလုပ်ငန်းကို PPP (Public-Private Partnership) အစီအစဉ်ဖြင့် အကောင်အထည်ဖော်ရေးအတွက် အကြံပြုပညာရှင်ငှားရမ်းဆောင်ရွက်နေကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ အစိုးရသစ် တစ်နှစ်သက်တမ်းအတွင်း လုပ်ဆောင်မှုအရသိရသည်။

မြန်မာနိုင်ငံတွင် နှစ်အလိုက် မော်တော်ယာဉ်မှတ်ပုံတင်များ ဆောင်ရွက်ပေးခဲ့ရာ လက်ရှိအချိန်အထိ မော်တော်ယာဉ် ၁,၀၀၇,၅၈၈ စီးနှင့်ဆိုင်ကယ် ၅,၁၂၂,၇၀၁ စီး စုစုပေါင်း ၆,၁၂၆,၂၈၉ စီးရှိလာနေပြီး မော်တော်ယာဉ်အများစုမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိနေကြောင်း သိရသည်။ **မြင့်မြတ်အောင်မြင်**

# စတုတ္ထအကြိမ် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား အခမဲ့ခွဲစိတ်

သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရဦးဆောင်၍ စစ်ကိုင်းတောင်ရိုးသီတဂူအာယုဒါနဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်ဇော်စီစဉ်ပြီး အမေရိကန်ပြည်ထောင်စုအခြေစိုက် Alliance for Smiles Mission မှဆရာဝန်များ၊ ရန်ကုန်မြို့မှ Rotary Club of Yangon လူမှုကူညီရေးအဖွဲ့တို့ပူးပေါင်းကာ မန္တလေး၊ စစ်ကိုင်းနှင့်အထက်မြန်မာပြည်ရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား အခမဲ့ခွဲစိတ်ကုသပေးခြင်းကို ဧပြီလ ၂ ရက် နေ့မှ ၈ ရက်နေ့အထိ စစ်ကိုင်းမြို့၊ သီတဂူအာယုဒါနဆေးရုံတွင် ပြုလုပ်ပေးခဲ့သည်။

ခွဲစိတ်ကုသပေးရာတွင် အမေရိကန်ပြည်ထောင်စု Alliance for Smiles Mission မှအဖွဲ့ခေါင်းဆောင် Ms.Tina Fischlin၊ ဒါရိုက်တာ Dr.Karl Wustrack၊ Rotary Club of Yangon လူမှုကူညီရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းဝင်းနှင့်အဖွဲ့ဝင်ဆရာဝန်များ၊ သူနာပြုများက မန္တလေး၊ စစ်ကိုင်းနှင့်အထက်မြန်မာပြည်ရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးလူနာ ၈၈ ဦးအား အခမဲ့ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။



'နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်တွေကို သီတဂူဆရာတော်ကြီး၏သြဝါဒနှင့်အညီ စတုတ္ထအကြိမ် အခမဲ့ကုသပေးနေတာဖြစ်ပါတယ်။ လူနာ ၈၈ ဦးကို စမ်းသပ်စစ်ဆေးပြီး ခွဲစိတ်ခဲ၊ ဆေးဖိုးအားလုံး အခမဲ့ကုသိုလ်ဖြစ် ကုသပေးလို့ လူနာနှင့်မိသားစုများလည်း ဝမ်းမြောက်လျက်ရှိနေကြပါတယ်' ဟု Alliance for Smiles Mission မှအဖွဲ့ခေါင်းဆောင်က ပြောသည်။ အဆိုပါအဖွဲ့သည် မျက်စိဝေဒနာရှင်များကိုလည်း လိုအပ်သည့်ခွဲစိတ်ကုသမှုများ အခမဲ့ကူညီဆောင်ရွက်ပေးကြောင်းသိရသည်။

**သီဟကိုကို (မန္တလေး)**

# ကျုံးပတ်လည်သာယာလှပစေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လမ်းမီးတိုင်များတပ်ဆင်



လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့ပူးပေါင်း၍ ကျုံးပတ်လည်သာယာလှပစေရေးနှင့်လုံခြုံရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မန္တလေးမြို့ကျုံးပတ်လည်လမ်းလယ်ကျွန်းများတွင် နိုင်ငံတကာအဆင့်မီလမ်းမီးတိုင်များကို ဧပြီလဆန်းပိုင်းမှစတင်တပ်ဆင်လျက်ရှိသည်။

ပထမအဆင့်အနေဖြင့် အောင်မြေသာစံမြို့နယ်၊ ၆၆ လမ်း၊ ၁၂ လမ်းနှင့် ၂၆ လမ်းကြားတွင် ပေ ၁၀၀ အကွာ တစ်တိုင်နှုန်းဖြင့်ကွန်ကရစ်ခုံပေါ်တွင် ၉ မီတာအမြင့်ရှိ လမ်းမီးတိုင်များအား မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ လျှပ်စစ်အင်ဂျင်နီယာများက အနီးကပ်ကြီးကြပ်ပြီး စင်ကာပူနိုင်ငံအခြေစိုက် Krislite လျှပ်စစ်ပစ္စည်းကုမ္ပဏီမှဝန်ထမ်းများ၊ လုပ်သားများဖြင့် တပ်ဆင်လျက်ရှိသည်။ လမ်းမီးတိုင်တစ်တိုင်တွင် ၁၁၅ ဝပ်ရှိ LED မီးလုံး ၂ လုံးပါရှိပြီး ၆၆ လမ်း၊ ၁၂ လမ်းနှင့်၂၆ လမ်း၊ ကျုံးအရှေ့ဘက်ခြမ်းတွင် အလူမီနီယံသတ္တုစပ်အမျိုးအစား မီးတိုင် ၇၅ တိုင်၊ LED ၁၁၅ ဝပ် မီးလုံး ၁၅၀ လုံး တပ်ဆင်သွားမည်ဖြစ်သည်။ တပ်ဆင်နေသော LED မီးလုံးများသည် လျှပ်စစ်ဓာတ်အားယူနစ်ချွေတာစွာဖြင့် အသုံးပြုနိုင်ပြီး လင်းအားကောင်းကြောင်းသိရသည်။


**သီဟကိုကို (မန္တလေး)**

# မြန်မာ-ဂျပန်စင်တာ MJC (မန္တလေး) ရုံးသစ်ဖွင့်

ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ (JICA) ၏အစီအစဉ်ဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုလုပ်ငန်းများ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၊ နည်းပညာပံ့ပိုးမှုလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန်အတွက် မြန်မာ-ဂျပန်စင်တာ (MJC) မန္တလေးရုံးဖွင့်ပွဲကို ဧပြီလ ၃ ရက်နေ့ နံနက် ၈ နာရီက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၇၃ လမ်း၊ မင်္ဂလာမန္တလေးရှိ MJC အထက်မြန်မာပြည်ရုံးတွင်ကျင်းပရာ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းကျော်ဇော၊ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ဂျပန်သံရုံးစီးပွားရေးသံမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

မြန်မာ-ဂျပန်စင်တာဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မြန်မာ-ဂျပန်ရိုးရာအကများဖြင့် ဖျော်ဖြေခြင်း၊ မြန်မာ-ဂျပန်ရိုးရာမုန့်များ ပရဟိတအလှူဈေးရောင်းပွဲ ကျင်းပခြင်း၊ ဂျပန်ရိုးရာကီမိုနိုဝတ်စုံဖြင့် အမှတ်တရဓာတ်ပုံရိုက်ခြင်းများ ပြုလုပ်ကြကြောင်း သိရသည်။

**သီဟကိုကို (မန္တလေး)**




# 'အပယ်ခံရှင်းတမ်း' ရုပ်ရှင်ဇာတ်ကားကြီးစတင်ရိုက်ကူး

ဝမ်းဖိုက်တူး ရုပ်ရှင်ထုတ်လုပ်ရေး ကိုကျော်ဌေးစီစဉ်၍ ဇာတ်ညွှန်းသစ္စာပိုင်စိုး၊ လူရှိန်အောင် ကျော်သိခ်တို့ရေးသားသည့် 'အပယ်ခံရှင်းတမ်း' ရုပ်ရှင်ဇာတ်ကားကြီးကို ဧပြီလ ၂၉ ရက်နေ့တွင် စတင်ရိုက်ကူးမည်ဖြစ်ကြောင်း၊ ယင်းဇာတ်ကား၏ ဇာတ်လမ်းနှင့်ဒါရိုက်တာသက်နေထွန်းကပြောကြားသည်။

ဒီဇာတ်လမ်းကိုစဉ်းစားထားတာကြာပါပြီ။ ဗီဒီယိုဇာတ်ကား ၂၅ ကား ရိုက်ကူးထားပါတယ်။ အခုလိုထုတ်လုပ်သူက ယုံယုံကြည်ကြည်နဲ့ ခွင့်ပြုတဲ့အချိန်မှာကျွန်တော်ရဲ့ရုပ်ရှင်ဒါရိုက်တာပွဲဦးထွက်ဖြစ်တဲ့အတွက် Idea အသစ်ကိုချပြတဲ့သဘောပါ ပုဂံခေတ်ကထဲကရှိခဲ့တဲ့ ဘုရားအဖြစ်စခဲ့တဲ့ ဇာတ်လမ်းအပျိုးနဲ့လက်ရှိဖြစ်ပျက်နေတဲ့ အခြေခံလူတန်းစားတွေရဲ့ ဘဝ ငါးဆယ်ရာခိုင်နှုန်းလောက်ကို ဟာသနှောပြီး ရိုက်ကူးတင်ပြသွားမှာပါဟု ၎င်းကဆိုသည်။

အဆိုပါရုပ်ရှင်ဇာတ်ကားကန်တော့ပွဲပေးခြင်းနှင့်စာနယ်ဇင်းမိတ်ဆက်ပွဲကို ဧပြီလ ၂၃ ရက်နေ့၊ နံနက်ပိုင်းက ဒဂုံမြို့သစ်အရှေ့ပိုင်း (၁၁၈) ရပ်ကွက်၊ ကနောင်မင်းသားကြီးလမ်းရှိ ရွှေအင်းဝခြံတွင်ကျင်းပခဲ့ပြီး အကယ်ဒမီဗေလုဝ၊ ဒိန်းဒေါင်တို့ခေါင်းဆောင်ပါဝင်၍ မောင်မေတ္တာ၊ တိုးညွန့် (သမန်းကျား)၊ ဦးတိမ်ညွန့်၊ ဦးပေါ်လေး၊ ရန်ပိုင်စိုး၊ ဝက်မ၊ ကြူကြူသင်းနှင့် ဟာသသရုပ်ဆောင်များစွာပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထွဏ်း**

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# အလင်္ကာကျော်စွာ ရွှေပြည်အေး၏ တသသဂန္ထဝင်တေးများကို တင်ဆက်သော ဂီတပညာရှင်များသို့ ...


ကျေးဇူးတင်ပါသည်။ စီစဉ်တင်ဆက်သူ ကိုဆုတင်၊ ဂီတပညာရှင်များဖြစ်ကြပါသော စိန်မွတ္တား၊ အောင်မြတ်ထွဋ်၊ မိရာမိုနှင့် နိုင်ငံကျော်ဆိုင်းဆရာများအားလုံးကို လေးစားစွာဖြင့် ဂုဏ်ပြုအပ်ပါသည်။ ဂုဏ်ပြုရခြင်းအကြောင်းကား မြန်မာ့ရုပ်သံမှ အလင်္ကာကျော်စွာရွှေပြည်အေး၏ တသသဂန္ထဝင်တေးများကို အထူးအောင်မြင်စွာ တင်ဆက်ခဲ့နိုင်ခြင်းကြောင့်ဖြစ်ပါ၏။

ပြောချင်တာပြောရလျှင် ပိုလွန်းသည်ထင်တော့မည်။ သို့သော် ပြောချင်တာပဲ ပြောချင်သည့်ဆန္ဒက ရင်တွင်ပြည့်နှက်နေပါသဖြင့် စေတနာဆန္ဒလွန်၍ ပြောမှားဆိုမှားရှိခဲ့သော် ခွင့်လွှတ်ကြပါရန် ကျွန်တော်အနူးအညွတ်ပန်ကြားလျက် ပြောလိုသည့်အကြောင်းဆက်ပါမည်။ ရွှေပြည်အေးအမှတ်တရ တသသအစီအစဉ်မည်မျှကောင်းလိုက်ပါသနည်းဆိုသော်. . . ။

ရွှေမန်းမေသီချင်းနှင့်ထွက်လာသော အဆိုတော် ကြည်ပြာအောင်တဲ့။ တစ်ခါမှမကြားဖူးသော်လည်း သူဆိုသည့်အသံ၊ သူ့ဟန်ပန်သည် ရွှေမန်းမေရထားကြီးနှင့် မာမာအေးကို ပြေးမြင်မိ၏။ တစ်ချိန်က မာမာအေးကောင်းသလို မာမာအေးကိုမှီအောင်လိုက်ဆိုနိုင်ခဲ့၏။ တော်လေစွ၊ တီးသည့်ဂီတဖက်ကလည်း မြန်မာသံတွင် စံတင်ရတော့မည့်ဂန္ထဝင်ဂီတသစ်. . . ။

ချစ်စရာကောင်းလိုက်သည့်အစီအစဉ်။ စီစဉ်သူတွေကို လေးစားလွန်းလှ၏။ ဗွေးဒုတ်၊ ထိုးကွင်းလေးနဲ့ခြင်းခတ်သူ၊ နပန်းဆံ၊ ဆွမ်းတော်ဗျို့သီချင်းများကလည်း လက်ဖျားခါလောက်အောင် အဆိုအတီးတွေ ပိုင်လှမြိုင်လှသည်။ နားဆင်ရသူကျွန်တော့်အဖို့ အဲဒါမှ မြန်မာ့ဂီတကွဟု ကြွေးကြော်နေမိပါ၏။ စီစဉ်သူ၊ တီထွင်သူဂီတပညာရှင်များကိုလည်း လေးစားမိပါ၏။ ထို့ထက် ဆက်ပြောလိုသည်မှာ ဆရာရွှေပြည်အေး၏ ဂီတအမွေပေးခဲ့သည့်အကြောင်း. . . ။

ဆရာရွှေပြည်အေးသည် တစ်မိုးတစ်မြေနှင့် မျိုးဆက်သစ်များအား ပြည်ထောင်စုသစ္စာသီချင်းတွေ ရေးပေးတော့ဟု ညွှန်ကြားခဲ့၏။ စကားတောင်းစားလို၊ ထိုးကွင်းကလေးနှင့် ခြင်းခတ်သူ၊ ဂုံညင်းထိုးကြမယ်၊ ဆွမ်းတော်ဗျို့စတဲ့ မြန်မာ့ဂန္ထဝင်သီချင်းများနှင့် အနောက်တိုင်းဂီတ၏သွက်လက်မှုကို ထက်မြက်သည့်မြန်မာ့ဂီတနှင့် တော်လှန်ရဲသူဖြစ်၏။ လေးစားပါသည် ဆရာအလင်္ကာကျော်စွာ. . . ။


အလင်္ကာကျော်စွာရွှေပြည်အေး
ဂီတပဒေသာမဂ္ဂဇင်း အမှတ်(၃၂)၊ ၁-၅-၁၉၇၁
ဂီတမိတ်ဖြန့်မာဂီတစုဆောင်းမှု

ဤအစီအစဉ်ကို ကြားလိုက်ရတော့ ဆရာရွှေပြည်အေးတော်ပုံ၊ ကျွန်တော်တို့လို နောက်လူတွေကို ပညာပေးခဲ့ပုံ သီချင်းနှစ်ပုဒ်ကို ပြေး၍သတိရမိ၏။ ထိုသီချင်းနှစ်ပုဒ်မှာ ရုပ်ရှင်မင်းသမီး တင်တင်မူသီဆိုသော ရွှေလည်တိုင်နှင့် ယင်း တင်တင်မူ၏သမီးဖြစ်သူ ရုပ်ရှင်မင်းသမီး ဒေစီကျော်ဝင်းဆိုသော ရွှေဖိုးခေါင်သီချင်းဖြစ်သည်။

ရွှေလည်တိုင်နှင့် ရွှေဖိုးခေါင်သည် နှစ်အတော်အတန်ခြားသည်။ ရွှေလည်တိုင်သည် တင်တင်မူခေတ်။ ရွှေဖိုးခေါင်သည် ဒေစီကျော်ဝင်းခေတ်၊ သားအမိသက်တမ်းကွာခြားသလို သီချင်းလည်းကွာခြား၏။ ကွာခြားမှုမရှိသည်မှာ တင်တင်မူ၏အသံနှင့် ဒေစီကျော်ဝင်း၏အသံ၊ အသံမပါးသော်လည်း သူတို့သားအမိက မအော်ရဲမဟစ်ရဲ။ အဆိုတော်မလုပ်ရဲသည့် ပုံစံမျိုး။ ကြည်ကြည်ဒွေးတို့၊ ခင်ယုမေတို့၊ ချိုပြုံးတို့လို အဆိုတော်မှလာသူများမဟုတ်။ ရုပ်အလှ၊ ကိုယ်ခန္ဓာအလှကို အားကိုး၍ မင်းသမီးဖြစ်လာသူများဖြစ်သဖြင့် အဆိုဘက်ကို အားမပါ။ သီချင်းဆိုရန် ငြင်းဆန်သည့်မင်းသမီးများဖြစ်ခဲ့၏။ ထိုမင်းသမီးများကို အဆိုတော်စာရင်းဝင်အောင် ရေးနိုင်စွမ်းသူမှာ ဆရာရွှေပြည်အေးပင်ဖြစ်ပါ၏။

ကြည့်ပါဦး။ 'ထက်ကောင်းကင်အာကာဝေဟင် မိုးလုံးညွတ်မျှပြိုကျမတတ်ပင်။ လျှပ်ပန်းခွေနွဲ့ လေနွဲ့ရာတွင် တိမ်တောင်တိမ်လိပ်တွေ တရွေ့ရွေ့လှုပ်ရှားခါပင်. . . '။

ရွှေလည်တိုင်နှင့် မင်းသမီးတင်တင်မူ အဆိုတော်ဖြစ်ခဲ့သည့်နည်းတူ ရွှေဖိုးခေါင်နှင့် မင်းသမီးဒေစီကျော်ဝင်း အဆိုတော်ဖြစ်ခဲ့သည်။ အသံမရှိသူကို အသံရှိအောင်ရေးနိုင်စွမ်းသည့် ဆရာ၏ပညာစွမ်းက အံ့မခန်းပါတည်း. . . ။

ယခု လောလောလပ်လပ် ရွှေပြည်အေး တသသအစီအစဉ်ကို နောက်ဆုံးကြည့်လိုက်ရသည့် မြင်ကွင်းမှာ ဝိုင်းလမင်းအောင်၏ဝင်းဦးသီချင်း။ ဝင်းဦးသီချင်းကို ဝိုင်းလမင်းအောင်ဆိုတာကြားတော့ ကျွန်တော်ဖျားသွားသည်။ ဤကလေးကို ကျွန်တော်ယခင်က မကြိုက်ခဲ့ပါ။ ဤကလေးသည် တတ်လွန်း၍တော်၏။ တော်လွန်း၍ ချော်နေသောကလေးဟု ယေဘုယျသတ်မှတ်မိခဲ့၏။ အကြောင်းမှာ ဤကလေးသည် ကိုမင်းနောင်၏ဇရာလိုသီချင်းမျိုး၊ ဂျင်မလေးဂျမ်းလိုသီချင်းမျိုးကို ကိုမင်းနောင်ထက်ပင် အဆိုပညာထည့်၍ ဆိုရဲသူဖြစ်၏။ ထို့ကြောင့် အတတ်ပညာလွန်ကဲနေမှုအတွက် သူ့ကိုမကြိုက်နိုင်ခဲ့ခြင်းဖြစ်ပါ၏။

ခုတော့ ဆရာရွှေပြည်အေးက သူ့ကို ဝင်းဦးသီချင်းတွေနှင့်ပညာပေးလိုက်ပြီ။ ဝိုင်းလမင်းအောင် ဝင်းဦးသီချင်းတွေဆိုရတော့ ယခင်ဗမာသံတွေလို ဟန်မလုပ်နိုင်တော့။ သွက်လက်သည့် တီးလက်တီးကွက်နှင့် စည်းချက်ညီရန်လိုက်ဆိုနေရသဖြင့် အသက်ပင်မရှူနိုင်။ ထို့ကြောင့် ဝိုင်းလမင်းအောင်ကို ကျွန်တော်ကြိုက်သွားရသည်။ ဤသည်မှာ ဆရာရွှေပြည်အေး၏ ဂီတအလင်္ကာကြီးမားသော ဂန္ထဝင်ဂီတအမွေပင်ဖြစ်ပါကြောင်း. . . ။

**မြရောင်မြေတင်ဝင်း**

# သရုပ်ဆောင် ဟိန်းဝေယံ ဒါရိုက်တာအဖြစ်ရိုက်ကူးမည့် 'မာယာကကြိုး'

မာန်ထက်ချီရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ဖြန့်ချီရေး မစန်းစန်းဝင်း (မော်လမြိုင်) စီစဉ်၍ ဇာတ်လမ်း ဟိန်းဝေယံ၊ ဇာတ်ညွှန်းမိုးစက်ဝိုင်၏ 'နှလုံးသားရှိသူတိုင်း . . . အချစ်ရှိသည်' ဇာတ်ကားအား 'မာယာကကြိုး' ရုပ်ရှင်ဇာတ်ကားကြီးအဖြစ် ပုံဖော်ရိုက်ကူးနေပြီဖြစ်ကြောင်း ဟိန်းဝေယံကပြောကြားသည်။

'ဒီဇာတ်ကားက ကျွန်တော့်ရဲ့ အနုပညာသက်တမ်းတစ်လျှောက် ဒါရိုက်တာအဖြစ် ပထမဦးဆုံးစတင်ရိုက်ကူးတဲ့ ရုပ်ရှင်ဇာတ်ကားပါ။ ကိုယ်တိုင်စဉ်းစားထားတဲ့ ကိုယ်ပိုင်ဇာတ်လမ်းဖြစ်တယ်။ ဇာတ်လမ်းလည်းကြိုက်တဲ့အတွက် ကိုယ်တိုင်ပုံဖော်တင်ပြချင်တဲ့အတွက် ရိုက်ကူးဖြစ်တာပါ။ ထူးထူးခြားခြားဇာတ်လမ်းလေးပေါ့။ ဘယ်ကိစ္စမဆို အငြိုးထားပြီးကလဲ့စားချေတာမျိုး၊ လက်တုံ့ပြန်တာမျိုးတွေက မကောင်းဘူး၊ မဖြစ်သင့်ဘူးဆိုတဲ့ မက်ဆေ့ချ်ပေးချင်တဲ့ ရည်ရွယ်ချက်ရှိတဲ့ ဇာတ်ကားလေးပါ' ဟု ၄င်းကဆိုသည်။

ယင်းဇာတ်ကားကြီးတွင် ဟိန်းဝေယံ၊ ဇေရဲထက်၊ ရတနာဝို၊




အကယ်ဒမီမေသန်းနု၊ အကယ်ဒမီမေသဥ္ဇာဦး၊ ဆုထက်ကုဋေနှင့်သရုပ်ဆောင်များစွာပါဝင်ကြောင်း ဧပြီ လ ၁၉ ရက်နေ့က ရန်ကုန်မြို့၊ စီဒိုးနားဟိုတယ်တွင်ပြုလုပ်သည့် ယင်းဇာတ်ကားကန်တော့ပွဲပေးအခမ်းအနားတွင် စီစဉ်သူမစန်းစန်းဝင်း (မော်လမြိုင်) က ပြောကြားသည်။

**မင်းထွဏ်း**

# HI-TECH FOREST INDUSTRIES CO.,LTD.

## Myanmar Wood Products

**Excellence in Quality**

Door & Funiture Factory






**Office :**
No.216/222, Room No.7(B),
Corner of Maha Bandula Road & Bo Myat Htun Road,
Pazundaung Township, Yangon, Myanmar.
Tel: 95-01-294535, 299625, Fax: 95-01-299849
Email: HFIYGN.KK@mptmail.net.mm
kyaw@myanmar.com.mm

**Factory & Sale Centre**
A 1-2, 62nd Street Industrial Zone, Mandalay.
Tel: 95-02-80402~3, Fax: 95-02-80401
Email: HFIYGN.KK@mptmail.net.mm,
kyaw@myanmar.com.mm



စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# စက်မှုဝန်ကြီးဌာန၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြား

နိုင်ငံတော်အစိုးရ၏ တစ်နှစ်တာကာလအတွင်း ပြုပြင်ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ သတင်းစာရှင်း



လင်းပွဲအခမ်းအနားကို ဧပြီလ ၂၆ ရက်နေ့၊ နေ့လယ် ၁၂ နာရီခွဲက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပ ပြုလုပ်ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့က သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် တစ်နှစ်တာကာလအတွင်း ပြုပြင်ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် တစ်နှစ်တာကာလအတွင်း ပြုပြင်ဆောင်ရွက်ခဲ့မှုများအား အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်က ရှင်းလင်းပြောကြားရာတွင် စက်မှုဝန်ကြီးဌာနသည် အသေးစားနှင့်အလတ်စားလုပ်ငန်းများ (SMEs) ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိကစက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံပိုင်စက်ရုံအလုပ်ရုံများ အောင်မြင်မှုရရှိစေရေးဟူသည့် လုပ်ငန်းစဉ် (၃) ရပ်ကို မူဝါဒချမှတ်လျက် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ အဓိကဆောင်ရွက်ခဲ့သည့်လုပ်ငန်းများအနေဖြင့် ထုတ်ကုန်အရည်အသွေး တိုးတက်ကောင်းမွန်စေခြင်း၊ ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသော ထုတ်ကုန်များတိုးချဲ့ထုတ်လုပ်ခြင်း၊ နိုင်ငံပိုင်စက်ရုံအလုပ်ရုံများအား အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်းနှင့် စက်မှုဆိုင်ရာ ကျွမ်းကျင်လုပ်သားများကို စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးခြင်းတို့ဖြစ်ပါကြောင်း၊ ထုတ်ကုန်အရည်အသွေး တိုးတက်ကောင်းမွန်စေရေးဆောင်ရွက်ခဲ့ရာ၌ ဆေးဝါးနှင့်ဆေးဝါးကုန်ကြမ်းများအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စံသတ်မှတ်ချက်များနှင့်အညီထိန်းသိမ်းခြင်း၊ ဆေးဝါးများထုတ်လုပ်ရာ၌ Good Manufacturing Practice(GMP) စနစ်နှင့်အညီထုတ်လုပ်ပြီး အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း တိတိကျကျချမှတ်ဆောင်ရွက်လျက် ကျန်းမာရေးဝန်ကြီးဌာန၏ လိုအပ်ချက်နှင့်အညီ ဆေးရုံများသို့တိုက်ရိုက်ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ ပြည်သူလူထုအတွက်အန္တရာယ်ရှိသည့် ဈေးကွက်အတွင်းရောက်ရှိနေသော BPI အမှတ်တံဆိပ် ဆေးဝါးအတုများ၊ သက်တမ်းလွန်ဆေးဝါးများကိုလည်း ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွင်းက ရှာဖွေစစ်ဆေးအရေးယူမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် BPI အမှတ်တံဆိပ်ဆေးဝါးများကို အတုအပပြုလုပ်ခြင်းမှ ကာကွယ်နိုင်ရေးနှင့် ထုပ်ပိုးမှုအရည်

**စာမျက်နှာ ၁၆ သို့ -**




Ever Rich Group Co.,Ltd
အိမ်အမိုးသွပ်ပြားနှင့် အိမ်ဆောက်ပစ္စည်းထုတ်လုပ်ဖြန့်ချိရေး
ERG
အရောင်းဆိုင်(၁) -အဆောင်(၃၆)၊အခန်း(၉၊၁၀)၊ကျောက်စိမ်း ၃လမ်း၊စော်ဘွားကြီးကုန်းပွဲရုံဝင်း၊အင်းစိန်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၁-၉၆၆၅၇၁၇၊ ၀၁-၉၆၄၀၂၇၇၊၀၉-၃၀၈၈၇၂၀။
အရောင်းဆိုင်(၂) -အဆောင်(၁၃၀)၊အခန်း (၄)၊ရွှေဝါလမ်း၊စော်ဘွားကြီးကုန်းပွဲရုံဝင်း၊အင်းစိန်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၁-၉၆၄၀၂၅၅၊၀၁-၉၆၄၀၂၆၆၊၀၉-၉၆၅၀၀၇၂၉၅။
စက်ရုံ -အမှတ်(၄၁၇)၊လှသီရိလမ်းနှင့်ကင်းဝန်မင်းကြီးလမ်းထောင့်၊ရွှေလင်ဗန်းစက်မှုဇုန်၊လှိုင်သာယာမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း× ၀၉-၇၃၂၅၀၁၅၃၊၀၉-၇၉၆ ၃၀၈၁၄၁၊၀၉-၉၇၇၉၄၁၈၀၃.


United Orient Myanmar Engineering Co., Ltd.
No-003, Bldg "C", Yuzana St, Yuzana Highway Complex, Kamayut, Yangon.
Ph : 01-504780, 09 450 887737, 09 450 887747 , 09 450 887757 , 09 450 887767
Web : www.orientmyanmar.com , Email : admin@orientmyanmar.com
One-Stop Engineering Solutions , Consultancy Services & Supply
We Specialize
Power & Lighting
CCTV , PABX
Plumbing & Sanitary System
Fire Fighting
Fire Suppression
(FM200/Novec 1230)
Micro Fire Protection
Fire Alarm System
Material Supply
FM APPROVED
NOVEC™1230
FM-200
alhua
Panasonic
POTTER
NOTIFIER
SYSTEM SENSOR
ECO7
Fire Suppression System (FM200)


ALPINE
Purified Drinking Water
PROMISES PURITY
ALPINE
Purified Drinking Water

## စက်မှုဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်း
## 500 ml PET Plastic Bottle with Cap (White)
## (အဖြူအကြည်) (၄၆၀,၀၀၀) စုံ အဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်းအမည်နှင့်အရေအတွက်

| **ပစ္စည်းအမည်** | **အရေအတွက်** |
|---|---|
| 500 ml PET Plastic Bottle with Cap (White) (အဖြူအကြည်) | ၄၆၀,၀၀၀ စုံ |

၂။ တင်ဒါပိတ်ရက်နှင့်အချိန် - (၅. ၅. ၂၀၁၇) မွန်းလွဲ (၄း၀၀) နာရီ

၃။ ပစ္စည်းပေးသွင်းရမည့်စက်ရုံ - ဆေးဝါးစက်ရုံ (အင်းစိန်)

၄။ တင်ဒါပေးသွင်းရမည့်နေရာ - ဥက္ကဌ၊ ဈေးနှုန်းစိစစ်ရေးကော်မတီ
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀) နေပြည်တော်။

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်)**
**ရုံးအမှတ် (၃၇) စက်မှုဝန်ကြီးဌာန**
**နေပြည်တော်။ တယ်လီဖုန်း - ၀၆၇-၄၀၈၃၈၈**

## စက်မှုဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်း
## Castor Oil နှင့် Aluminium Top Seal (1,2,3) oz
## အဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်းအမည်နှင့်အရေအတွက်

| **ပစ္စည်းအမည်** | **အရေအတွက်** |
|---|---|
| (က) Castor Oil | ၁၆,၀၀၀ ကီလို |
| (ခ) Aluminium Top Seal (1,2,3) oz | ၁၄,၂၀၀,၀၀၀ ခု |

၂။ တင်ဒါပိတ်ရက်နှင့်အချိန် - (၁၁. ၅. ၂၀၁၇) မွန်းလွဲ (၄း၀၀) နာရီ

၃။ ပစ္စည်းပေးသွင်းရမည့်စက်ရုံ - ဆေးဝါးစက်ရုံ (အင်းစိန်)

၄။ တင်ဒါပေးသွင်းရမည့်နေရာ - ဥက္ကဌ၊ ဈေးနှုန်းစိစစ်ရေးကော်မတီ
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀) နေပြည်တော်။

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်)**
**ရုံးအမှတ် (၃၇) စက်မှုဝန်ကြီးဌာန**
**နေပြည်တော်။ တယ်လီဖုန်း - ၀၆၇-၄၀၈၃၈၈**






**စက်မှုအလင်းဂျာနယ်တွင် သတင်းနှင့်ကြော်ငြာများ ဆက်သွယ်ထည့်သွင်းနိုင်**
**၀၆၇-၄၀၅၀၅၇ ၊ ၀၆၇-၄၀၅၄၂၉၊ ၀၁ -၂၅၀၆၅၁**